# ရွာသစ်ကြီး
# ဓါပဟေဠိခင်းများ



# The Ywa Thit Gyi Mysteries

# ရွာသစ်ကြီး
# ၏ပဟေဠိမှုခင်းများ

***The Ywa Thit Gyi Mysteries***

ရွာသစ်ကြီး၏ပဟေဠိမှုခင်းများ
The Ywa Thit Gyi Mysteries (Burmese Version)

Drum Publication Group
P.O Box 66
Kanchanaburi 71000
Thailand

drum@drumpublications.org
www.drumpublications.org

July, 2009
ISBN 978-616-7225-02-9

# မာတိကာ


| | |
|---|---|
| အိုင်အိုဘနီ–မိတ်ဆက်ခြင်း | ၁ |
| လက်တစ်ဖက်ပြတ်လူရွှယ်သေဆုံးမှု | ၄ |
| အလုပ်လျှော့ကျလွှာ | ၁၀ |
| ဈေးဆိုင်ခားပြတိုက်မှု | ၁၃ |
| အလိမ်မတော်တဲ့ဖိုးလင်း | ၁၇ |
| ပတ္တမြားဆွဲကြိုးပျောက်မှု | ၂၁ |
| ကလေးပြန်ပေးဆွဲမှု | ၂၇ |
| ချမ်းသာလာတော့မည့်အိုင်အိုဘနီ | ၃၃ |
| ဆေးခန်းကလူသတ်မှု | ၃၇ |
| ရွှေလက်စွပ်ပျောက်မှု | ၄၃ |
| ဦးသာထွေး–လေယာဉ်မောင်းသမား | ၄၇ |
| အုံ့ဩဖွယ်ကောင်းသောကြိုးဆွဲချသေမှု | ၅၃ |
| မိနစ် ၃၀ အတွင်းဖော်ထုတ်နိုင်သောဓါးပြတိုက်မှု | ၅၇ |
| မစ္စဂျန်းခင်သေဆုံးမှု | ၆၃ |
| ပါမောက္ခအိမ်ဂေဟာကြီး သူခိုးဝင်ခိုးမှု | ၆၉ |
| မုန့်ဆိုင်ဓါးပြတိုက်မှု | ၇၃ |

# စကားချီး

Drum Publication Group မှစာဖတ်သူများ ကြိုက်နှစ်သက်မည့်စာအုပ်များထုတ်လုပ်နိုင်ရန် အမြဲတစေကြိုးပမ်းအားထုတ်လျှက်ရှိပါသည်။ ဤတစ်ကြိမ်တွင်ထုတ်ဝေမည့်စာအုပ်ကလေးများ ဉာဏ်စမ်းစာအုပ်နှင့်အချက်အလက်ကျနည်းစနစ်မှန်ကန်စွာတွေးတောတတ်လာရန်အတွက်ရည်ရွယ်ပါသည်။

ဤစာအုပ် "ရွာသစ်ကြီး၏ပဟေဠိမှုခင်းများ" မှာ ဉာဏ်စမ်းစာအုပ်ဖြစ်သလိုဖတ်ရာတွင် စိတ်ဝင်စားမှုရှိရန်အတွက်ပဟေဠိမှုခင်းများအသွင်ရေထားပါသည်။ ဤစာအုပ်ထဲတွင်သရုပ်ဆောင်တစ်ဦးဖြစ်သူ ဦးဘနီသည် အလွန်တော်၍ ဖြတ်ထိုးဉာဏ်ကောင်းသောရဲစုံထောက်ကြီးတစ်ယောက်ဖြစ်သည်။ ဦးဘနီကမှုခင်းများကို လျှင်မြန်စွာဖြေရှင်းနိုင်သဖြင့် သူကမည်သို့ဖြေရှင်းသည်ကို စာဖတ်သူများက တွေးတောပေးရမည်ဖြစ်သည်။ တစ်ခါတစ်ရံအဖြေရရှိရန်အတွက်ပုစ္ဆာကိုနှစ်ခေါက်ဖတ်ရမည်ဖြစ်သည်။ မည်သို့ဆိုစေကာမူ၊ အဖြေမှန်များကို ဝတ္ထု၏တစ်ဖက်ပါစာမျက်နှာတွင်ထည့်သွင်းထားပါသည်။ သို့သော်ဖတ်ကြည့်ရန်အတွက်အဖြေများကိုဖတ်နိုင်မည့်နည်းကိုကြိုးစားရှာကြည့်ပါ။

ဤစာအုပ်ကိုစာဖတ်သူများကြိုက်နှစ်သက်မည်ဆိုပါက Drum Publication Group အတွက်အလွန်ကျေနပ်စရာပင်ဖြစ်လိမ့်မည်။

# ရဲမှုခင်းစုံထောက်ဟောင်းကြီး အိုင်အိုဘနီ



“ရွာသစ်ကြီး” ဆိုတဲ့မြို့ကလေးဟာ သိပ်မြို့မကျတောမကျမြို့ကလေးဖြစ်တယ်။ အဲဒီမှာဦးဘနီဆိုတဲ့ရွာသားတစ်ယောက်ရှိတဲ့။ သူဟာပုလိပ်မှုခင်းစုံထောက်ဟောင်းကြီးတစ်ယောက်ဖြစ်တယ်။ အိုင်အိုဦးဘနီဟာကျန်းမာရေးအလွန်ကောင်းတဲ့ဦးကြီးတစ်ယောက်ဖြစ်တယ်။ သူဟာအားကစားသမားတစ်ယောက်လို သန်သန်မာမာသွက်လက်လျင်မြန်ဖျတ်လတ်စွာနဲ့နေထိုင်သွားလာလှုပ်ရှားနေလို့သူ့အသက် ၆၀ ကျော်ပေမယ့်လည်းအသက် ၆၀ ကျော်လို့ရှိပြီလို့မထင်ရဘူး။ သားသမီးများကြီးပြင်းလာတဲ့အခါမှာအိမ်ထောင်ပြုကုန်ကြလို့၊ သူ့ဇနီးသည်နဲ့နှစ်ဦးတည်းဘဲမြို့ငယ်လေးတစ်မြို့ထဲမှာနေထိုင်ကြတယ်။ မှုခင်းများစုံစမ်းရှာဖွေစစ်ဆေးတဲ့နေရာတွေမှာအများ


တကာကို အကူအညီပေးတဲ့ နာမည်ကြီးစုံထောက်တစ်ယောက်လဲဖြစ်ပါ တယ်။ တစ်ခါတလေရဲအရာရှိကြီးများတောင်သူ့ဆီမှာလာပြီး အကူအညီ အကြံဉာဏ်တွေတောင်းခံကြရတယ်။ ဒီစာအုပ်ထဲကမှုခင်းတွေက ရွာသစ် ကြီးထဲမှာ ဖြစ်ခဲ့တဲ့မှုခင်းတစ်ချို့အကြောင်းတွေပေ့ါ။ ဦးဘနီဟာ ကြည်ညို လေးစားထိုက်တဲ့ပုဂ္ဂိုလ်တစ်ဦးဖြစ်တယ်။ သူ့မျက်လုံးတွေဟာ စူးရှတောင့် ပလို့ ဖြတ်ထိုးဉာဏ်ကောင်းတဲ့လူတစ်ယောက်ရဲ့အသွင်ပေါ်လွင်တယ်။ သူ ဟာ မနက်စောစောထပြီး တုတ်ကောက်တစ်ချောင်းနဲ့ လမ်းမကြီးပေါ်မှာ လမ်းလျှောက်သွားလျှောက်လာလုပ်နေကျဖြစ်တယ်။ သူနေထိုင်တဲ့မြို့လေး ဟာသေးငယ်လို့ ပတ်ဝန်းကျင်ထဲမှာ အများအားဖြင့် တစ်ယောက်နဲ့တစ် ယောက်ရင်းနှီးကျွမ်းဝင်ကြတယ်။ သူလမ်းလျှောက်ထွက်ပြီးတဲ့အခါ လက် ဖက်ရည်ဆိုင်ထိုင်ပြီး ရေဒီယိုကလွှင့်တဲ့သတင်းတို့ကိုနားထောင်ရင်း လက် ဖက်ရည်ကို တစ်မြိန်မြိန်နဲ့ထိုင်သောက်လေ့ရှိတယ်။ သူတစ်ခါမှစားလို့မရိုး နိုင်တဲ့အစားအစာကတော့ နှမ်းဖြူးတဲ့ကောက်ညှင်းငါးချိုပ်ပေါင်းတစ်ထုပ်နဲ့ လက်ဖက်ရည်ကျကျတစ်ခွက်ဖြစ်တယ်။ လက်ဖက်ရည်သောက်ပြီးအိမ်အ ပြန်လမ်းမှာ သူ့ဇနီးသည်အတွက် မုန့်ဟင်းခါးတစ်ခွက်ဝယ်လာပေးတယ်။ အခြားအလုပ်တွေမလုပ်ခင်မှာ ဒါတွေကို သူလုပ်နေကျဖြစ်တယ်။ အိုင်အို ဘနီဟာ ပစ္စည်းအမျိုးမျိုးပါတဲ့အိတ်တစ်လုံးကို အများအားဖြင့်လွယ်လေ့ရှိ ပြီးတုတ်ကောက်တစ်ချောင်းကိုင်လေ့ရှိတယ်။

တစ်မနက်၊ သူလမ်းလျှောက်ထွက်ပြီးတဲ့အခါသူ့ဇနီးသည်အတွက်မုန့်ဟင်း ခါးတစ်ထုပ်ဝယ်လာပေးခဲ့ပြီး အိမ်ပြန်လာခဲ့တယ်။ အိမ်ပြန်ရောက်ရောက် ချင်းပဲသူ့ဇနီးသည်က သူမရှိတဲ့အချိန်မှာ မြစ်ကမ်းနားမှာရှိတဲ့ကလေးတစ် ယောက်ကသူ့ကိုလာခေါ်တယ်တဲ့။ ဦးဘနီကသူ့ဇနီးသည်ကို "ဘယ်နား ကလဲအမေကြီး" ဟုမေးတော့၊ ဇနီးသည်က"လူခေါင်တဲ့ကမ်းနံဘေးတစ်

နေမှာတဲ့၊ ရော့..... သူ့လိပ်စာ"။ အိုင်အိုဦးဘနီဟာ သူ့ဇနီးသည်ဒေါ်ပန်းနု လက်ထဲမှလိပ်စာကိုယူပြီး ချက်ချင်းတစ်စုံတစ်ရာဖြစ်ပွါးနေပြီလို့သူ့စိတ်ထဲ မှာသိလိုက်တယ်။ ဒါ့ကြောင့် သူဟာလိပ်စာအတိုင်း မတုံ့မဆိုင်းပဲ ကမ်းနံ ဘေးမှာရှိတဲ့နေရာဆီကိုတန်းသွားလိုက်တယ်။



# လက်တစ်ဖက်ပြတ် လူရွယ်သေဆုံးမှု



ဦးဘနီဟာ သူ့လက်ထဲမှာရှိတဲ့နေရပ်လိပ်စာအတိုင်း ရောက်သွားတဲ့အခါ ကမ်းနံဘေးမှာလှပတဲ့အိမ်ဖြူဖြူလေးတစ်လုံးဆောက်လုပ်ထားတာကိုတွေ့ရတယ်။ အဲဒီအိမ်လေးကို တစ်အိမ်လုံးဆေးအဖြူရောင်နဲ့သုတ်ထားလို့ အိမ်လေးဟာ အရမ်းသာယာလှပနေတာပဲ။ ဦးဘနီကချောင်းတစ်ချက်ဟန့်သံပေးလိုက်တဲ့အခါမှာ အသက် ၄၀ ဝန်းကျင်ရှိတဲ့လူရွယ်တစ်ဦး သူ့ကိုအိမ်တံခါးဝမှာ လာထွက်ကြိုတယ်။ အဲဒီလူရွယ်က ဦးဘနီကိုအိမ်လေးထဲ ဆင့်ခေါ်လိုက်တယ်။ အိမ်ကလေးထဲမှာ အိပ်ခန်းနှစ်ခန်းပဲရှိတယ်။ ဒါပေ

မယ့်မီးဖိုချောင်ခန်းဟာ ကျယ်ဝန်းပြီး သူဌေးသူကောင်းအိမ်ကြီးတွေရဲ့မီးဖိုချောင်ခန်းလိုပဲ ခမ်းနားလှပစွာတန်ဆာဆင်ထားတယ်။ မီးဖိုခန်းထဲမှာချက်ပြုတ်တဲ့နေရာ၊ လက်ရာမြောက်စွာထွင်းပြီး ဆောက်လုပ်ထားတဲ့လှပတဲ့ဗီရိုကြီးတစ်လုံးနဲ့အတူ အစားအသောက်ခင်းကျင်းထားတဲ့စားပွဲရှည်ရှည်ကြီးတစ်လုံးလဲရှိတယ်။ စားပွဲကြီးပေါ်မှာ ဖွင့်ထားတဲ့အစာသွတ်အသားဘူးတစ်ချို့၊ လက်သုံးဖောက်တံတစ်ချောင်း၊ သစ်သီးဝလံတွေနဲ့ ပေကျံနေတဲ့ဇွန်းပန်းကန်ခွက်ယောက်အနည်းငယ်လဲရှိတယ်။ အိမ်ရဲ့ညှော်ခန်းက နည်းနည်းကျဉ်းပြီးအခန်းထဲမှာ ကျွန်းစားပွဲတစ်လုံး၊ ဆိုဖာထိုင်ခုံများခင်းကျင်းထားတယ်။ နောက်ဆုံးအခန်းက အိမ်နောက်ဘက်ပိုင်းမှာ နည်းနည်းကျတဲ့အိပ်ခန်းတစ်ခန်းဖြစ်တယ်။ အဲဒီအခန်းလေးထဲမှာ အလွန်မှတန်ဖိုးကြီးတဲ့ပိုးသားနဲ့ယက်လုပ်ထားတဲ့ဇာအိပ်ရာခင်းတစ်ခုရှိတယ်။ အိပ်ရာခင်းရဲ့အနားမှာအဝါရင့်ရောင်စားပွဲကြီးတစ်လုံးရှိတယ်။ မကြာခင်မိနစ်ပိုင်းကလေးတင်မှာပဲ အလောင်းကိုသယ်ယူသွားကြတယ်။

သေဆုံးသွားတဲ့လူငယ်ရဲ့အစ်ကိုက သူ့ညီသေဆုံးရတဲ့အမှုဟာသာမန်ရိုးရိုးသေဆုံးတာမဟုတ်ဘူး၊ သူ့ညီကို တစ်ယောက်ယောက်လုပ်ကြံသတ်ဖြတ်လိုက်တာဘဲလို့တစ်တွတ်တွတ်ပြောနေတယ်။ အဲဒါနဲ့ဦးဘနီက “ဒီလိုဆိုရင် ခင်ဗျားညီဘာအကြောင်းကြောင့် သေရတာလဲကိုပြောပြပါအုံး။”

ထိုလူရွယ်က “ကျွန်တော့်ရဲ့ညီဟာ ကိုယ်အင်္ဂါမပြည့်စုံတဲ့ ဒုက္ခိတတစ်ယောက်ဖြစ်တယ်။ မကြာသေးမီက သူစက်ရုံတစ်ခုမှာအလုပ်လုပ်တယ်။ တစ်နေ့မှာ မတော်တဆသူ့လက်ကစက်နဲ့ထိသွားလို့ သူ့လက်တစ်ဖက်

ပြတ်သွားတယ်။ အဲဒီအချိန်ကစပြီး သူ့ကိုယ်ရေးကိုယ်တာအသေးအဖွဲ့က အစလုပ်တာတောင် သူနာပြုဆရာမရဲ့အကူအညီလိုအပ်တယ်။" အိုင်အို ဦးဘနီနားထောင်ရင်း ခေါင်းတစ်ဆတ်ဆတ်ညိတ်ပြီး "စိတ်မကောင်းစရာ ကြီးဘဲ––––သူကံဆိုးလှချည်လား၊ ဆက်ပြောပါအုံး။" "ဒီအပတ်မှာကျွန် တော့်ညီကဒီအိမ်လေးထဲမှာတစ်ယောက်တည်းပဲလာနေချင်တယ်တဲ့။ သူ ဟာဒုက္ခိတဖြစ်ပေမယ့်လည်း လူတွေကိုသူ့ခြေထောက်ပေါ်သူရပ်တည်နိုင် တယ်ဆိုတာပြချင်လို့ လွန်ခဲ့တဲ့ရက်ပိုင်းမှာဘဲသူဒီအိမ်လေးမှာလာနေတာ။ ဒီအိမ်လေးမှာ သူတစ်ပတ်လာနေမယ်လို့ပြောတယ်။ ဒါပေမယ့်သူ့ကိုဆက် သွယ်နိုင်ဖို့ တယ်လီဖုန်းမရှိဘူး။ ကျွန်တော်သူ့ကိုစိတ်ပူလို့ သူ့ကိုကူညီဖေး မစောင့်ရှောက်ဖို့ သူ့နောက်ကို ကျွန်တော်အခုလိုက်လာတာ။ ဒီအိမ်ကို ရောက်ရောက်ချင်းပဲ တစ်ခုခုဖြစ်နေပြီလို့ ကျွန်တော်စိတ်ထဲထင်မိပါတယ်။ အိမ်ထဲမှာခြေရာအကြီးကြီးတွေကိုမြင်ရတယ်။ ကျွန်တော့်ညီရဲ့ခြေဖဝါးဟာ သေးသေးလေးပဲ။ ဒါပေမယ့် ရဲအရာရှိတွေက ဒီသက်သေအထောက်အ ထားတွေဟာ မလုံလောက်သေးဘူးလို့ပြောတယ်။ ကျွန်တော်အိမ်ထဲဝင် သွားတော့ ဆိုဖာပေါ်မှာသူသေဆုံးနေတာတွေ့ရတယ်။ ကျွန်တော့်ညီဒီအိမ် လေးကိုပိုင်တယ်ဆိုတာ လူအများကသိကြတယ်။ သူဒီမှာလာနေတယ်ဆို တာ အခြားလူတွေကိုသူမပြောပြဘူး။ အဲဒီလူတွေ သူ့ကိုတားမှာစိုးရိမ်လို့ တဲ့။ ကျွန်တော့်တစ်ယောက်တည်းကိုပဲသူပြောပြတယ်။ ဘာဖြစ်လို့လဲဆို တော့ကျွန်တော်ဟာ သူ့ရဲ့အစ်ကိုရင်းတစ်ယောက်ဖြစ်သလို သူနဲ့အရမ်းရင်း နှီးတဲ့သူငယ်ချင်းကောင်းတစ်ယောက်လိုလဲဖြစ်တယ်။ ကျွန်တော့်ညီသေဆုံး မှုဟာရိုးရိုးမဟုတ်ဘူးဆိုတာ ကျွန်တော့်စိတ်ထဲမှာ အလေးအနက်ခံစားရ တယ်။ အဲဒါကြောင့် ဦးအကူအညီကိုလိုချင်လို့ ကလေးတစ်ယောက်ကို

သွားခေါ်ခိုင်းလိုက်တာ။ ကျွန်တော့်ညီသေဆုံးမှုကို တရားမျှတစွာစီရင်ပေးသင့်တယ်။”

အိုင်အိုဦးဘနီသည် အိမ်လေး၏ပတ်ဝန်းကျင်တစ်ဝိုက်ကို သေသေချာချာလေ့လာကြည့်ပြီး “ပြောပြပါအုံး---ခင်ဗျားညီသေဆုံးသွားတဲ့အမှုကိုတိုင်ချက်ဖွင့်လိုက်တဲ့အချိန်ကစပြီး အခင်းဖြစ်ပွါးတဲ့နေရာကိုတစ်နေရာရာကိုင်တွယ်စစ်ဆေးကြည့်ရှုပြီးပြီလား။” ထိုလူရွယ်က “အခြားလူတွေမရောက်လာသေးဘူး၊ စစ်ဆေးရေးရဲအရာရှိတွေ နဲ့ဆရာဝန်တွေဘဲ ရောက်လာကြသေးတယ်။” ထိုလူရွယ်၏တုံ့ပြန်မှုကို ရလိုက်တဲ့အချိန်မှာ “အေး--ငါလဲအခင်းဖြစ်တဲ့အနီးအနားတစ်ဝိုက်ကိုလေ့လာကြည့်တဲ့အပေါ်မှာ ခင်ဗျားညီသေဆုံးမှုဟာ ရိုးရိုးသေဆုံးတာမဟုတ် ဘူးဆိုတာအမှန်ပဲလို့ထင်တယ်။ ခင်ဗျားညီကိုတစ်ယောက်ယောက်ကသတ်တာဖြစ်ရမယ်။”

အိုင်အိုဦးဘနီဟာအိမ်လေးကိုလှည့်လည်ကြည့်ရှုမေးမြန်းစစ်ဆေးပြီးတဲ့အခါ မော်တော်ဆိုင်ကယ်စီးပြီး သူ့နေအိမ်ကိုပြန်လာခဲ့တယ်။ အိမ်ရောက်တော့ရေမိုးချိုးပြီးဇနီးသည်ဒေါ်ပန်းနုက နေ့လယ်စာအဆင်သင့်ပြင်ထားပေးတဲ့အတွက် သူတို့လင်မယားနှစ်ယောက်အတူတူထမင်းစားကြတယ်။ သူတို့ရဲ့နေ့လယ်စာဟင်းကတော့ ငါးခြောက်ဖုတ်ကင်ဆီဆမ်းတစ်ခွက်၊ တို့စရာဟင်းသီးဟင်းရွက်နဲ့ငါးပိထောင်းဖြစ်တယ်။ သူတို့နေ့လယ်စာကို မြိန်ရည်ယှက်ရည်နဲ့စားသုံးကြတယ်။ နေ့လယ်စာစားပြီးတဲ့နောက် သူတို့လင်မယားနှစ်ယောက်ဟာ အိမ်ရှေ့ကွပ်ပျစ်ပေါ်မှာ လက်ဖက်ရည်ကြမ်းနဲ့ကြံသကာအမြည်းထိုင်စားပြီး စကားစမြည်ပြောနေကြတယ်။

ဒေါ်ပန်းနုဟာ စုံထောက်ဟောင်းကြီးရဲ့ဇနီးသည်တစ်ဦးဖြစ်လို့မှုခင်းများကို စိတ်ဝင်စားတယ်။ ဒါကြောင့် အမြဲတမ်းသူ့ခင်ပွန်းသည်လိုက်ရတဲ့မှုခင်းတွေကိုကူညီစဉ်းစားပေးပြီး အကြံဉာဏ်ပေးလေ့ရှိတယ်။ ဒေါ်ပန်းနုဟာ သူ့ခင်ပွန်းသည်ပြန်ပြောပြတဲ့ဖြစ်ပျက်မှုကိုနက်နဲစွာစဉ်းစားပြီးငြိမ်သက်နေတယ်။ ဦးဘနီက "အမေကြီးကိုစဉ်း စားစရာတခုပေးမယ်။ သေတဲ့လူဟာ လက်တစ်ဖက်ဘဲရှိတယ်လေ။"

သူ့စကားဆုံးတော့ ဒေါ်ပန်းနုဟာ တခဏစဉ်းစားပြီးသူတို့လင်မယားနှစ်ယောက်ပြိုင်တူရယ်မောကြတော့တယ်။ ဒေါ်ပန်းနုကလည်း ဒီလူရဲ့သေဆုံးမှုဟာရိုးရိုးသေတာမဟုတ်ကြောင်း သိတဲ့အတွက်ဖြစ်တယ်။ သင်ကောသိရဲ့လား။




အဖြေ ။

# အလုပ်လျှောက်လွှာ




အိုင်အိုဦးဘနီဟာ မှုခင်းတစ်ချို့ကိုပြီးပြတ်အောင် လုပ်ဆောင်ပြီးတဲ့နောက် ပညာရေးဌာနမှာတာဝန်ကျနေတဲ့သူ့မိတ်ဆွေဦးငွေဆီအလည်သွားရောက်ဖို့ဆုံးဖြတ်တယ်။ ဦးငွေဟာ ပညာရေးဝန်ကြီးတစ်ဦးအဖြစ်နှစ်အတော်ကြာတာဝန်ထမ်းဆောင်ခဲ့တဲ့ပုဂ္ဂိုလ်တစ်ဦးဖြစ်တဲ့အပြင် လုပ်ငန်းတိုးတက်မှုရှိအောင်လုပ်ဆောင်သူတစ်ဦးလဲဖြစ်တယ်။ သူရုံးရောက်သွားတော့လျှောက်လွှာတစ်ပုံနဲ့အလုပ်ရှုပ်နေတဲ့သူ့မိတ်ဆွေဦးငွေကိုတွေ့ရတယ်။ ဦးငွေကစပြီး "ဘနီရေ၊ ငါ့ကိုကူညီမယ့်လက်ထောက်တစ်ယောက်ရှာနေတယ်။ အဲဒီလူဟာကလေးစာပေတွေဖွံ့ဖြိုးတိုးတက်လာအောင်လုပ်ဆောင်နိုင်တဲ့အတွေး

အခေါ်ရှိရမယ်။ ကလေးအတွက်စာအုပ်တွေထုတ်ပေးဖို့ အစီအစဉ်ရှိတဲ့အတွက်ဖြစ်တယ်။ ဒီအလုပ်နဲ့သင့်တော်တဲ့လူကိုရှာလို့မတွေ့မှာငါအရမ်းစိတ်ပူတယ်။” ဒါနဲ့အိုင်အိုဦးဘနီဟာ သူ့မိတ်ဆွေဦးငွေလိုချင်တဲ့လူရဲ့အရည်အချင်းကိုကူရှာပေးတယ်။ သူတို့နှစ်ယောက်ဟာ အလုပ်လျှောက်လွှာပုံကြီးကိုစစ်ဆေးကြည့်လို့ကုန်ခါနီးမှာဦးငွေက အိုင်အိုဦးဘနီကိုကလေးစာပေတိုးတက်ရေးနဲ့သင့်တော်တဲ့လူတစ်ယောက်ရဲ့အလုပ်လျှောက်လွှာကိုပြတယ်။

အဲဒီအလုပ်လျှောက်လွှာဟာ မအေးအေးရဲ့အလုပ်လျှောက်လွှာဖြစ်တယ်။ အရည်အချင်းရှိတဲ့မေးခွန်းအောက်မှာ သူလုပ်ခဲ့ဘူးတဲ့အလုပ်တွေဖြည့်ထားတယ်။ဒါပေမယ့်ပညာရေးဝန်ကြီးဦးငွေက သူလုပ်ခဲ့တဲ့အလုပ်တွေကိုမကြည့်ဘူး၊သူ့စိတ်ဝင်စားမှုဝါသနာများဖြစ်တဲ့ ရုပ်ရှင်ကြည့်ခြင်း၊သီချင်းဆိုခြင်းနဲ့ကလေးကိုချစ်တဲ့စိတ်ရှိခြင်းများကိုကြည့်တယ်။ “ဒီအလုပ်နဲ့ သင့်တော်တဲ့လူကိုရှာတွေ့ပြီ။ သူဟာကလေးကို ချစ်တဲ့လူတစ်ဦးဖြစ်လို့ဒီအလုပ်နဲ့ထိုက်တယ်။ သူ့ကိုမနက်ဖြန်ညနေမှာ ငါနဲ့လာတွေ့ဆုံဖို့ တယ်လီဖုန်းခေါ်လိုက်မယ်။ ” ထိုအခါအိုင်အိုဦးဘနီက “မိတ်ဆွေကြီး၊ ငါမင်းသာဆိုရင် သူ့ကိုငါဖုန်းဆက်ခေါ်မှာမဟုတ်ဘူး။” ဦးဘနီစကားကြောင့်ဦးငွေက တအံ့တသြနဲ့ “ကဲ––မင်းထင်မြင်ချက်ကိုရှင်းပြပါအုံးမိတ်ဆွေကြီး” ဦးဘနီက “ဒီလိုသူငယ်ချင်းရဲ့––သူဝါသနာပါတဲ့ဟာတွေကိုကြည့်ပါအုံး” ဦးငွေကအိုင်အိုဦးဘနီပြောတဲ့အတိုင်း ထိုလျှောက်လွှာကိုခဏထိုင်စဉ်းစားပြီး ခေါင်းခါယမ်းလိုက်တယ်။




သင်ကော ဘာဖြစ်လို့မအေးအေးဒီအလုပ်နဲ့
မသင့်တော်တာကို စဉ်းစားမိရဲ့လား။”


အဖြေ ။

# ဈေးဆိုင်ဓားပြတိုက်မှု



ဒေါ်ခင်သန်းဟာမြို့လယ်ခေါင်မှာဆိုင်ခန်းတစ်ခန်းဖွင့်လှစ်ထားတယ်။ တစ်မနက်၊ အိုင်အိုဦးဘနီဟာဒေါ်ခင်သန်းဆိုင်မှာ သွားတိုက်ဆေးသွားဝယ်ဖို့ ထွက်လာခဲ့တယ်။ ဆိုင်ရှေ့ရောက်တော့ ဆိုင်တစ်ဆိုင်လုံးပွသပြန့်ကျဲနေ တာကိုတွေ့ရတယ်။ အဲဒီအချိန်မှာ ဒေါ်ခင်သန်းဟာ အိုင်အိုဦးဘနီကိုမြင်မြင်ချင်းပဲ “အို––ရှင့်ကိုတွေ့ရတာဝမ်းသာတယ်။ မနေ့ညနေက ကျွန်မဆိုင်ကို ဓါးပြလာတိုက်သွားတယ်။”

ကျွန်မဆိုင်ကိုမနက် ၇ နာရီမှာထုံးစံအတိုင်းလိုပဲရောက်လာတယ်။ ကျွန်မရောက်လာတော့ ဆိုင်သန့်ရှင်းရေးလုပ်တဲ့ကောင်မလေးဖြူဖြူနဲ့သူ့ဦးလေးဦးတိုးဇံတို့ကို ကြိုးနဲ့တုပ်ချည်ထားတာတွေ့ရတယ်။ မနက် ၅း၃၀ လောက်မှာ မျက်နှာဖုံးစွပ်ထားတဲ့ယောကျ်ားနှစ်ယောက်ဝင်လာပြီး ဆန်အိတ်နဲ့မုန့်ဘူးတွေကို ဓါးပြလာတိုက်သွားတယ်လို့ သူတို့တူဝရီးနှစ်ယောက်က ကျွန်မကိုပြောပြတယ်။ ဒီလုယက်မှုကို ဖေါ်ထုတ်ဖို့ရှင်ကျွန်မကိုကူညီပါအုံး။"


ဒါနဲ့ဦးတိုးဇံက အိုင်အိုဦးဘနီကို "ကျွန်တော်အိမ်သာသွားဝင်တဲ့အချိန်မှာဖြူဖြူ့ရဲ့အော်ဟစ်သံကိုကြားရတယ်။ တစ်ပြိုင်နက်ကျွန်တော်ဆိုင်ရှေ့ကိုထွက်ပြေးလာတော့ယောကျ်ားနှစ်ယောက်ဟာဖြူဖြူဘေးမှာမတ်တပ်ရပ်ပြီးဖြူဖြူ့လက်နှစ်ဖက်ကို တုပ်ထားတယ်။ ကျွန်တော်လဲလက်ထဲမှာ ကိုင်ထားတဲ့ဓါးတစ်လက်ကို ထုတ်ယူလိုက်တာ ဓါးပြတစ်ယောက်ကမြင်သွားလို့သူတို့ကိုကျွန်တော်ပြန်ခုခံရင် ဖြူဖြူကိုသတ်ပစ်မယ်ဆိုပြီး ဝုန်းခနဲကျွန်တော့်ကိုအုပ်ဖမ်းပြီး ကျွန်တော့်ကိုကြိုးနဲ့တုပ်ချည်ထားလိုက်တယ်။" တစ်ဆက်တည်းမှာပဲဦးတိုးဇံက "ကျွန်တော်သူတို့ ကိုပြန်ခုခံချင်တယ်ဒေါ်ခင်သန်း။ ဒါပေမယ့် ကျွန်တော်ပြန်ခုခံရင်သူတို့က ကျွန်တော့်တူမဖြူဖြူကိုအနာတရလုပ်မှာ ကျွန်တော်စိုးရိမ်တယ်။" အဲဒီအချိန်မှာ ဖြူဖြူက စားပွဲတစ်လုံးနားမှာထိုင်ပြီးဆန်ပြုတ်တစ်ခွက်ကိုထိုင်သောက်နေတယ်။သူမဟာတုန်လှုပ်ခြောက်ခြားနေပုံရတယ်။ "ဦးလေးတိုးဇံဟာ ကျွန်မအသက်ကိုကယ်ခဲ့တဲ့ကျေးဇူးရှင်ဖြစ်တယ်။ ဦးလေးတိုးဇံသာသူတို့ကိုပြန်ခုခံရင် ကျွန်မကိုအဲဒီစိုးဦးကသတ်ပစ်မှာသေချာတယ်။"

ဖြူဖြူပြောတဲ့စကားများကို အိုင်အိုဦးဘနီက ငြိမ်သက်စွာနားထောင်ပြီး၊

"အဲဒီခါးပြရဲ့ပုံပန်းသဏ္ဌာန်ကိုပြောပြပါအုံး"လို့မေးတော့ ဖြူဖြူကခေါင်းကို ဖြည်းညှင်းစွာခါယမ်းရင်း၊"သူတို့ဝင်လာတဲ့အချိန်မှာ ကျွန်မနောက်ကျော ပြန်မတ်တပ်ရပ်နေတယ်။ သူတို့ကိုကျွန်မမမြင်ရဘူး။ စကားတစ်လုံးမှလဲမ ပြောခဲ့ရဘူး။ သူတို့ကျွန်မကိုကိုင်ပြီး ရှေ့ကိုတွန်းထုတ်ပစ်လိုက်တယ်။ ကျွန် မဘဝမှာဒီတသက်မှအခုမှကြုံဖူးတယ်၊ ခုထက်ထိကျွန်မလန့်ဖြတ်နေတုန်း ပဲ။" ဒီတော့ဦးဘနီကဖြူဖြူကို "ဖြူဖြူ ဘာဖြစ်လို့ခါးပြဖြစ်တဲ့မင်းရဲ့သူငယ် ချင်းကိုရှာဖွေစုံစမ်းဖို့မထုတ်ဖော်ပြောပြချင်တာလဲ။"

အိုင်အိုဦးဘနီက ထိုသို့မှတ်ချက်ချလိုက်တော့ ဒေါ်ခင်သန်းမျက်လုံးပြူးသွား ပြီး အကြောင်းစုံဖြစ်စဉ်ကိုအိုင်အိုဦးဘနီအား ပြန်ရှင်းပြခိုင်းတော့တယ်။ အိုင်အိုဦးဘနီကချောင်းတစ်ချက်ဟန့်ပြီး၊ "ဒီလို---ကျွန်တော်ဖြူဖြူကိုစစ် ဆေးတဲ့အချိန်မှာ ခါးပြတွေဟာ မျက်နှာဖုံးစွပ်ထားတယ်လို့ သူထွက်ဆို တယ်။" "အင်း"ဒေါ်ခင်သန်းတွေဝေနေဆဲ။ ဆက်ပြီးတော့၊"ခါးပြတွေဟာ စကားတစ်ခွန်းမှမပြောဖူးလို့လဲ ပြောတယ်နော်မဟုတ်လား။"ဒေါ်ခင်သန်း က "အင်း"။ "ဒါဆိုရင် ဒေါ်ခင်သန်းစဉ်းစားကြည့်ပေါ့။"

ဦးဘနီကခါးပြဟာဖြူဖြူရဲ့အသိတဲ့။ ဒီခါးပြတိုက်မှုကို ပြန်တွေးကြည့်တာဒေါ်ခင်သန်းခေါင်းရှုပ်သွား တာပဲ။ သင်ကောဘယ်လိုထင်လဲ။





# အလိမ်မတော်တဲ့ဖိုးလင်း



တစ်နေ့၊ အိုင်အိုဦးဘနီဟာ ထွေထွေထူးထူးအလုပ်များ လုပ်စရာမရှိ၍ ဆရာဦးအေးမိုးမိသားစုအိမ်သို့ အလည်ထွက်လာခဲ့သည်။ ဆရာဦးအေးမိုးက ဦးဘနီကို လှိုက်လှဲပြုငြာစွာကြိုဆိုညှော့ခံတယ်။ ဆရာဦးအေးမိုးက စကားစပြီး၊ "ဘကြီးရေ––ဘကြီးကိုတွေ့ရတာအရမ်းဝမ်းသာတယ်။ ဦးကိုကျွန်တော့်အကြောင်းပြောပြချင်လို့။ အကြောင်းကတော့ကျွန်တော်မိဘအမွေအနှစ်ရတဲ့ကိစ္စပဲ။ ဘကြီး၊ ခြံစောင့်ဖိုးလင်းကိုမှတ်မိသေးရဲ့လား။" အိုင်အိုဦးဘနီကနားထောင်ရင်း၊ "ဟိုအရပ်ပုပုအသားမဲမဲနဲ့မျက်နှာအမြဲတမ်းပြုံးနေတဲ့လူလား။"

"ဟုတ်တယ်။ သူပဲ−−ကျွန်တော့်သူ့ကိုအလုပ်ကထုတ်ပစ်လိုက်ပြီ။ မကြာခင်ကကျွန်တော်မိဘတွေကကျွန်တော့်ကို တနင်္သာရီတိုင်းမှာရှိတဲ့မြေကေပေါင်းတစ်ရာနဲ့ နွားအရှဉ်းတစ်ရာ အမွေပေးခဲ့တယ်။ လွန်ခဲ့တဲ့သုံးရက်ကဖိုးလင်းကျွန်တော့်ဆီကိုလာပြီး နွားအရှဉ်းတစ်ဆယ်တောင်းတယ်။ သူ့အကြောင်းပြချက်ကကျွန်တော့်အဖေဟာမြိတ်မှာနေတဲ့သူ့ရဲ့ညီအငယ်ဆုံးဖြစ်တဲ့ကျွန်တော့်ဦးလေးဆီကို စာရေးခဲ့တယ်တဲ့။ အမွေတွေဟာကျွန်တော့်အတွက်မဟုတ်ဘဲ ကျွန်တော့်ဦးလေးကိုမိသားစုအမွေအနှစ်အားလုံး အကုန်လွှဲအပ်မယ်ဆိုတဲ့ကိစ္စကိုစာရေးအကြောင်းကြားတယ်တဲ့။ အဲဒီစာကသူလက်ထဲမှာရှိနေတုံးပဲတဲ့။"


အိုင်အိုဦးဘနီက ဆရာအေးမိုးပြောပြတဲ့အကြောင်းကို နားထောင်ပြီး၊ "သူပြောပြတာကိုမင်းယုံလား။" "ကျွန်တော်အမှန်အတိုင်းပဲပြောမယ်ဘကြီးရေ−−ကျွန်တော်အဲဒီသတင်းကိုကြားလိုက်တာနဲ့တစ်ပြိုင် နက်အရမ်းလန့်သွားတယ်။ လွန်ခဲ့တဲ့နှိဝင်ဘာလမှာ ကျွန်တော့်အဖေနဲ့ကျွန်တော်ပြဿနာဖြစ်ခဲ့တယ်။ ကျွန်တော့်ဇနီးမမေဖြူနဲ့လက်ထပ်မှာကို ကျွန်တော့်အဖေကလုံးဝသဘောမတူပေးဘူး။ ဒီကိစ္စအတွက် ကျွန်တော့်အဖေဟာ ကျွန်တော့်ကိုအမွေဖြတ်ပစ်ပြီလို့ ကျွန်တော်ထင်လိုက်တယ်။ ကိုဖိုးလင်းကကျွန်တော့်အဖေဟာ ကျွန်တော့်ဦးလေးဆီကိုနိုဝင်ဘာလ ၃၁ ရက်နေ့မှာစာရေးအကြောင်းကြားတယ်လို့ပြောတယ်။ ကျွန်တော့်အဖေကနဦးက လုပ်ထားတဲ့အမွေလွှဲစာချုပ်ထဲမှာ ကျွန်တော့်ကိုမိသားစုအမွေအကုန်လုံးလွှဲပြောင်းအပ်ဖို့စာချုပ်ချုပ်ခဲ့ပေမယ့်လည်း အခုကျွန်တော့်ဦးလေးဆီကိုအမွေပေးဖို့စာရေးအကြောင်းကြားတာဟာလည်းတရားဝင်ဘဲတဲ့။ အဲဒီစာအိတ်ဟာသူ့ဆီမှာရှိတယ်တဲ့။ ကျွန်တော်သူ့ကိုနွားအရှဉ်းတစ်ဆယ်ပေးရင် သူကကျွန်

တော့်ကိုအဲဒီစာအိတ်ပေးမယ်တဲ့ ဦးလေးဆီကိုမပို့ပေးတော့ဘူးတဲ့။ ဦးဘနီကဆရာအေးမိုးအကြောင်းကိုနားထောင်ရာကနေဖြတ်ပြီး၊ “ကောင်းပြီ။ ဒါနဲ့မင်းဘာဆက်လုပ်လဲ။” ဆရာအေးမိုးက၊ “သူရဲ့အပေးအယူကို ကျွန်တော်လက်မခံဘူး။ အဲဒါကိုသူကနွားအရှဉ်း ၅ ရှဉ်းနဲ့အပေးအယူ ထပ်လုပ်ပြန်တော့ကျွန်တော်လဲလက်မခံဘူး။ နောက်ဆုံးသူက နွားအထီး ၃ ကောင်ပဲပေးပါဆိုပြီး ကျွန်တော့်ကိုအပေးအယူလုပ်တယ်။” အိုင်အိုဦးဘနီက၊ “မင်းသဘောတူလက်ခံပြီး ပေးလိုက်မယ်လို့ ငါမမျှော်လင့်ဘူး။” ဆရာအေးမိုးက၊ “ဘကြီးထင်တာမှန်တယ်။ သူ့အပေးအယူကိုကျွန်တော်လုံးဝလက်မခံတဲ့အပြင်ကျွန်တော်သူ့ကိုအလုပ်ကမောင်းထုတ်ပစ်လိုက်တယ်။”

ဦးဘနီက၊ “ပြတ်သားတဲ့ဆုံးဖြတ်ချက်ပဲ။ မင်းအနေနဲ့သူ့လုပ်ရပ်ကိုသေသေချာချာပြန်သုံးသပ်ကြည့်မယ်ဆိုရင် မင်းအရမ်းစိတ်ဆိုးမှာပဲနော်။ မင်းတော်တယ်။” ဆရာအေးမိုးက၊ “ဘကြီးရယ်—ဘကြီးနဲ့ပေါင်းတော့ဒီလောက်တော့ရှိရမှာပေါ့။”ဆရာအေးမိုးဇနီးမမေဖြူဟာ ဘေးမှာငြိမ်သက်စွာနားထောင်ရင်း သူ့ခင်ပွန်းသည်အား “အင်း––ကိုကိုနဲ့ဘကြီးတို့ကဖိုးလင်းလိမ်တယ်ဆိုတာကို ဘယ်လိုလုပ်သိကြသလဲ။”


ထိုအခါဦးဘနီက၊“တူမရေ––ကိုဖိုးလင်းဟာတစ်လမှာရက်ပေါင်းဘယ်နှစ်ရက်ရှိတယ်ဆိုတာ မသင်ခဲ့ရဘူးထင်တယ်။ ”

ဒီအကြောင်းကိုသင်ကောဘယ်လိုသုံးသပ်သလဲ။
ကိုဖိုးလင်းပြောစကားကိုဘာကြောင့်ဆရာအေးမိုးမယုံတာလဲ။




အဖြေ ။

# ပတ္တမြားဆွဲကြိုး ပျောက်မှု



တစ်ညနေ၊ ညနေဆည်းဆာချိန်၊ အိုင်အိုဦးဘနီဟာ အိမ်ရှေ့ခန်းမှာ သတင်းစာထိုင်ဖတ်နေစဉ်မှာပဲ တယ်လီဖုန်းသံ "ကရင်း−− ကရင်း" မြည်လာတယ်။ ဒေါ်ပန်းနုမီးဖိုချောင်ခန်းမှာ အလုပ်ရှုပ်နေတဲ့အတွက် အိုင်အိုဦးဘနီတယ်လီဖုန်းလာကိုင်တယ်။ "ဟဲလို" ဟုတုံ့ပြန်တော့ဖုန်းထဲမှစိတ်လှုပ်ရှားမှုနဲ့တုန်လှုပ်နေတဲ့အမျိုးသမီးကြီးတစ်ယောက်ရဲ့အသံကို ဦးဘနီကြားလိုက်ရတယ်။ "ဟဲလို−အိုင်အိုဦးဘနီလား။ ကျွန်မကိုကူညီပါအုံးရှင်။ ကျွန်မရဲ့သူဌေးမအိမ်ကိုသူခိုးလာပြီး ဗီရိုသော့ကိုဖျက်ဆီးပြီး အထဲကရှိတဲ့သူဌေးမရဲ့ပတ္တမြားဆွဲကြိုးတစ်ကုံးကိုခိုးယူသွားတယ်။ ရှင်အခုချက်ချင်းလာနိုင်မလားမသိဘူး။"

အိုင်အိုဦးဘနီဟာ ကပျာကယာဖြင့်ကုတ်အင်္ကျီကိုကောက်ဝတ်၍လွယ်နေကျလွယ်အိတ်ကိုလွယ်လိုက်ပြီး၊ ဆိုင်ကယ်သော့ယူကာဦးထုပ်ဆောင်းပြီး ဆိုင်ကယ်စက်နှိုးကာ အခင်းဖြစ်ပွါးသည့်အိမ်ကြီးဆီသို့မောင်းထွက်လာခဲ့သည်။ နာရီဝက်အချိန်အတွင်း ထိုအိမ်ကြီးဆီသို့ ရောက်ရှိသွားခဲ့တယ်။

ထိုအိမ်ဂေဟာကြီးဆီရောက်တဲ့အခါ ဆိုင်ကယ်ပေါ်မှဆင်းဆင်းချင်းဒေါ်ကြီးမေက မဆိုင်းမတွပဲအိုင်အိုဦးဘနီကို ပတ္တမြားထားရှိတဲ့အိမ်အပေါ်ထပ်ခန်းဆီကိုခေါ်သွားတယ်။ အိုင်အိုဦးဘနီဟာ ဒေါ်ကြီးမေဖုန်းထဲကပြောပြခဲ့တဲ့အတိုင်းပဲပျက်စီးသွားတဲ့ဗီရိုသော့ကို အိပ်ရာကုတင်ဘေးမှာပစ်ထားတာကိုတွေ့ရတယ်။ ဒေါ်ကြီးမေကဦးဘနီကိုအခင်းဖြစ်ကြောင်းကုန်စဉ်ကို ပြန်ပြောပြတယ်။ "ကျွန်မအလုပ်ပြီးစီးသွားတော့ အားလပ်ချိန်မှာ ဧည့်ခန်းထဲမှာတစ်ရေးအိပ်မောကျသွားတယ်။ ကျွန်မအိပ်ရာကနိုးလာတော့ နေ့လယ်စာရှာစားဖို့မီးဖိုချောင်ခန်းကိုဝင်သွားတယ်။ ထမင်းစားအပြီးအိမ်အပေါ်ထပ်ကိုတက်ဖို့ပြင်ဆင်နေတုန်းမီးဖိုချောင်ခန်းထဲကအထွက်မှာ လူတစ်ယောက်အပေါ်ထပ်က ပြေးဆင်းလာပြီး အိမ်ရှေ့ဘက်ထွက်ပြေးသွားတာကို တွေ့လိုက်ရတယ်။ သူ့လက်ထဲမှာ လည်းလွှန်ခဲ့တဲ့တစ်လက ကျွန်မရဲ့အိမ်ရှင်မပြခဲ့ဖူးတဲ့သူ့ရဲ့ပတ္တမြားကုံးတစ်ကုံးကိုတွေ့လိုက်တယ်။ အဲဒီပတ္တမြားဆွဲကြိုးကိုကျွန်မသေသေချာချာမှတ်မိလို့ သူခိုးနောက်ပြေးလိုက်သွားတယ်။ ဒါပေမယ့်−−ရှင်သိတဲ့အတိုင်းပဲ၊ ကျွန်မအသက်ကြီးတော့ သူ့ကိုပြေးလိုက်လို့မမှီဘူး။ သူခိုးလမ်းမပေါ်ထွက်ပြေးသွားတယ်။ ဖြစ်ချင်တော့ တိုက်တိုက်ဆိုင်ဆိုင်ပဲအဲဒီအချိန်မှာလူတစုအတီးအကအခုန်နဲ့ဘုန်းကြီးကျောင်းကိုချီတက်သွားကြတယ်။ အဲဒီသူခိုးကလူစုထဲဝင်သွားပြီးအစအနပျောက်သွားတယ်။ သူ့ကိုကျွန်မရှာလို့မတွေ့တော့ဘူး။ ကံကောင်းစွာနဲ့ ကျွန်မလမ်းဘေးက

တယ်လီဖုန်းတစ်လုံးကိုတွေ့လို့ရှင့်ကိုတယ်လီဖုန်းလှမ်းဆက်လိုက်တာပဲ။"
အိုင်အိုဦးဘနီက ဒေါ်ကြီးမေပြန်ပြောပြသောဖြစ်ပျက်မှုကိုနားထောင်ရင်း ကြားဝင်ပြီး "ဒီပတ္တမြားဆွဲကြိုးဟာတန်ဖိုးများလား။"

ဒေါ်ကြီးမေက၊ "များတာပေါ့။ အဲဒီပတ္တမြားဆွဲကြိုးကိုရောင်းလိုက်ရင် တစ်သက်လုံးစားလို့ကုန်မှာမဟုတ်ဘူး။"

အိုင်အိုဦးဘနီဟာဒေါ်ကြီးမေတုံ့ပြန်တဲ့အဖြေကိုရရချင်း "အဲဒီလိုဆိုရင်-- အဲဒီပတ္တမြားဆွဲကြိုးကို ခင်ဗျားသူဌေးမထားတဲ့နေရာမှာပြန်ထားပါလို့အကြံပေးချင်ပါတယ်။ ခင်ဗျားပြောတဲ့ဖြစ်ပျက်ပုံကို ကျွန်တော်လုံးဝမယုံဘူး။"

ဒေါ်ကြီးမေမျက်နှာကွက်ကနဲပျက်သွားပြီး အိုင်အိုဦးဘနီကိုစကားတစ်ခွန်းမျှပြန်မချေပနိုင်တော့ပေ။

အဲဒီနောက် အိုင်အိုဦးဘနီအိမ်ကိုပြန်လာခဲ့တယ်။ သူ့ဇနီးသည်ဒေါ်ပန်းနုကအိမ်ရှေ့တံခါးပေါက်ဝမှာသူ့ကို ထွက်ကြိုပြီး "အဖေကြီး၊ ဘယ်သွားနေတာလဲ။ ဘာမပြောညာမပြောနဲ့ တိုးတိုးတိတ်တိတ်ပျောက်သွားလိုက်တာ။ အဖေကြီးကို လိုက်ရှာတာမတွေ့ဘူး။ အပြင်ထွက်သွားတာဘာဖြစ်လို့မပြောခဲ့တာလဲ။ "

သူ့ကိုတစ်ဗျစ်တောက်တောက်ဆူနေတဲ့ဇနီးသည်ကိုပြုံးကြည့်ပြီး၊ "ဆောရီးအမေကြီးရေ--ကပျာကယာထွက်သွားလို့ အမေကြီးကိုပြောဖို့မေ့သွားတယ်။" ဟုပြန်ချော့မော့လိုက်သည်။ ဒေါ်ပန်းနုစိတ်ပြေသွားပြီး၊ "ဘယ်

သွားလဲ” လို့မေးတော့ ဦးဘနီက “အော်––ပျောက်သွားတဲ့ပတ္တမြားဆွဲ ကြိုးတစ်ကုံးကို သွားရှာပေးတာပါ။”လို့ပြန်ဖြေပြီး အဖြစ်အပျက်ကိုဇနီး


သည်အားပြန်ပြောပြတယ်။ ဦးဘနီစကားဆုံးဆုံးချင်းပဲ ဒေါ်ပန်းနုကဆက် ပြီး၊ “ဒေါ်ကြီးမေအမှန်အကန်မပြောဘူးလို့ အဖေကြီးဘယ်လိုသိသလဲ။” ဟု ထပ်မေးပြန်တယ်။ အဲဒါနဲ့ပဲ၊ “အမေကြီးကို တစ်စေ့တစ်စောင်းပဲပြောပြမယ်။ အမေကြီးဘာသာအမေကြီးပဲပြန်စဉ်းစားတော့၊ ဒီလို၊ အဖေကြီးကိုဒေါ်ကြီး မေကမီးဖိုချောင်ခန်းအထွက်မှာသူခိုးအပေါ်ထပ်ကပြေးဆင်းလာပြီးအိမ်ရှေ့ ကိုပြေးထွက်သွားတာတွေ့လို့ သူခိုးနောက်သူပြေးလိုက်သွားတယ်။ သူခိုးက လူအုပ်ကြီးထဲဝင်ပြီးပျောက်သွားတော့ သူကအဖေကြီးကို လမ်းဘေးဖုန်းက နေတစ်ခါတည်းဖုန်းလှမ်းခေါ်လိုက်တယ်တဲ့။ ကဲ–ဒီအကြောင်းကိုအမေကြီး ဆက်စဉ်းစားပြီး အဖြေရှာကြည့်ပေါ့။”

အိုင်အိုဦးဘနီဟာ ဒေါ်ကြီးမေကိုဘာကြောင့်မယုံသလဲဆိုတာ သင်ကောသိ သလား။


တစ်ဖက်ပါစာမျက်
နှာတွင်အဖြေရှာ
ကြည့်နိုင်ပါသည်။


အဖြေ ။

# ကလေးပြန်ပေးဆွဲမှု



တနေ့သောနံနက်ခင်းမှာ၊ အိုင်အိုဦးဘနီဟာရဲစခန်းသွားပြီး သူ့မိတ်ဆွေရဲ အရာရှိနဲ့လက်ဖက်ရည်စကားဝိုင်းလုပ်ဖို့ စဉ်းစားရင်း အပြင်သို့လမ်းထွက် လျှောက်ခဲ့တယ်။ ရဲစခန်းဘေးမှာ ရှိတဲ့လက်ဖက်ရည်ဆိုင်မှာ ထိုင်ခုံတစ်လုံး ဆွဲယူပြီးသူထိုင်ချလိုက်တယ်။ သူပတ်ဝန်းကျင်ကိုတစ်ချက်ဝေ့ဝဲကြည့်လိုက် ပြီးသူ့မိတ်ဆွေရဲအရာရှိတွေကို မတွေ့ရ၍သူ့မိတ်ဆွေတွေ အလုပ်များနေ ပြီဟုသူအလိုလိုသိလိုက်တယ်။ ဒါနဲ့သူအိမ်လှည့်ပြန်တော့မယ်လို့ စဉ်းစား

နေစဉ်ရဲကားတစ်စီး သူ့ဘေးနားမှာလာရပ်ပြီး ကားထဲမှရဲအရာရှိလွင်စိုး ဆင်းလာတာကိုသူတွေ့ရတယ်။ ရဲအရာရှိလွင်စိုးဟာ အိုင်အိုဦးဘနီကိုတွေ့လိုက်တာနဲ့ဝမ်းသာလွန်းလို့ "ဦးလေးဘနီရေ–––ပြန်တော့မလို့လား၊ အအေးထိုင်သောက်ပြီး စကားနည်းနည်းလောက်ထိုင်ပြောကြရအောင်လား။ ကျွန်တော်ဦးလေးကိုမှုခင်းတစ်ခု ပြောပြချင်တယ်။ ဦးလေးဆီကလဲအကြံဉာဏ်လိုချင်တယ်။"

ဦးဘနီ၊ "ကောင်းတာပေါ့ငါ့တူ–မင်းတို့အလုပ်များနေတာသိလို့ အခုပဲအိမ်ပြန်တော့မလို့ပဲ၊ မင်းဘယ်ကပြန်လာတာလဲ။" ရဲအရာရှိလွင်စိုးသည်အိုင်အိုဦးဘနီကို ခေါ်နေကျအတိုင်း၊ "ဦးလေးရေ–––ကျွန်တော်မှုခင်းတစ်ခုကို ထုတ်ဖော်ဖို့ လိုက်လံရှာဖွေစုံစမ်းနေတယ်။ အခုရောင်စုံဘောလုံးရောင်းနေကျကုလားလေးကိုလိုက်ရှာနေတာ။"

"ဘာဖြစ်လို့ အဲဒီကုလားလေးကို လိုက်ရှာနေတာလဲ" အိုင်အိုဦးဘနီက ကြားဝင်မေးလိုက်သည်။တစ်အောင့်ကြာတော့မှာထားတဲ့ဖျော်ရည်ရောက်လာလို့ရဲအရာရှိလွင်စိုးကဖျော်ရည်တစ်ငုံသောက်လိုက်ပြီးမှ "အဲဒီကုလားလေးက ကလေးတစ်ယောက်ကိုပြန်ပေးဆွဲပြီး အဲဒီကလေးကိုပြန်ရွေးဖို့အတွက်ဆက်ကြေးတောင်းတယ်။ အဲဒီကလေးရဲ့ဖခင်ကို ဦးလေးသိမှာပါ။ ဒေါက်တာမြအောင်လေ–သူ့သားလေးအသက် ၅ နှစ်ပဲရှိသေးတယ်။ ကျွန်တော်တို့သူ့ကိုလိုက်ရှာတာ တစ်ရက်နှစ်ရက်ရှိပြီ။ ခုထက်ထိသူ့ကိုမတွေ့သေးဘူး။"
အိုင်အိုဦးဘနီ၊ "သူ့နေတဲ့လိပ်စာကိုတစ်ယောက်မှမသိကြဘူးလား။"
"ဟင့်အင်း––တစ်ယောက်မှမသိကြဘူး။ အဲဒီကုလားလေးဟာ တစ်ပါတ်

တစ်ခါ ဒေါက်တာမြအောင်ရဲ့ အိမ်ရှေ့မှာ သူ့လှည်းကိုလာရပ်နားလေ့ရှိပြီး ပေါက်ပေါက်ဆုပ်နဲ့ ရောင်စုံဘောလုံးနီနီကလေးတွေ ရောင်းချလေ့ရှိတယ်။ ပေါက်ပေါက်ဆုပ်လာဝယ်တဲ့ကလေးတွေအတွက် သူ့ပူဖေါင်းနီနီကလေးများ ကိုပါးစပ်နဲ့မှုတ်ပေးလေ့ရှိတယ်။ တစ်ခါတလေပန်းပုံတို့၊ တိရိစ္ဆာန်ရုပ်ကလေး တို့ကိုထွင်ပြီးမှုတ်ပေးတယ်။ ကလေးတွေသူ့ကိုအရမ်းချစ်ကြတယ်။ သူလာ ရင် ကလေးတွေသူ့ကိုလာဝိုင်းပြီး ပူဖေါင်းလှလှကလေးတွေ မှုတ်ပေးလေ့ရှိ လို့ကလေးတွေသူ့ကို အရမ်းသဘောကျကြတယ်။

လွန်ခဲ့တဲ့ကြာသာပတေးနေ့မှာ အဲဒီကုလားလေးဟာ ထုံးစံအတိုင်းပဲသူ ပေါက်ပေါက်ဆုပ်လာရောင်းပြီး အဲဒီနေရာမှာထွက်သွားခဲ့တယ်။ ညနေ စောင်းမှာ ဒေါက်တာမြအောင်ရဲ့အိမ်နီးချင်းဦးဒွေးစိုးက ပူဖေါင်းနီနီလေးတစ် လုံးဟာ မိုးပေါ်ပျံတက်သွားပြီး မှို့ပင်မြင့်မြင့်ကြီးတစ်ပင်ပေါ်မှာ ချိတ်နေတာ ကိုတွေ့ရတယ်။ အဲဒီနေ့မှာလေမလာလို့ အဲဒီပူဖေါင်းဟာတစ်ခြားနေရာ ကိုလွင့်မထွက်သွားဘူး။ အဲဒီအချိန်မှာ ဆရာတော်ဦးသန်းကလဲ ဦးဒွေးစိုး အိမ်အလည်ရောက်လာလို့ အဲဒီပူဖေါင်းနီနီလေးကိုလဲ တွေ့ရတယ်။ ဦးဒွေး စိုးက လှေခါးယူပြီးမှို့ပင်မြင့်မြင့်ကြီးပေါ်မှာ ချိတ်နေတဲ့ပူဖေါင်းကိုသွားယူတာ ကိုဆရာကြီးလဲတွေ့တယ်လို့ သက်သေပေးကြတယ်။

ဦးဒွေးစိုးမှို့ပင်ပေါ်တက်သွားတော့ ဒေါက်တာမြအောင်အိမ်ခြံဝင်းကြီးကိုသူ အပေါ်ကနေလှမ်းမြင်ရတယ်။ ဒေါက်တာမြအောင်ရဲ့ ခြံတံတိုင်းကြီးဟာမြင့် လွန်းလို့ အမြင့်ပေါ်မတက်ကြည့်ရင် အိမ်ဝင်းထဲကိုမမြင်ရဘူး။ ဦးဒွေးစိုးလှမ်း ကြည့်လိုက်တဲ့အချိန်မှာ ပေါက်ပေါက်ဆုပ်သည်ကုလားလေးက ဒေါက်တာ မြအောင်ရဲ့သားလေးကို သူ့လှည်းထဲတွန်းထည့်ပြီးလှည်းကိုအမြန်မောင်း

ထွက်သွားတာကို သူတွေ့ရတယ်တဲ့။ ဦးဌေးစိုးက သူမြင်ရတဲ့အခင်းဖြစ်ပွား မှုကို ဆရာကြီးကိုပြန်ပြောပြပေမယ့်ဆရာကြီးက အဖြစ်အပျက်တွေမျက် မြင်မတွေ့ခဲ့ရဘူး။ မနေ့ကမှ သူ့အကြောင်းစုံသိမှ ကျွန်တော့်ကို သူမြင်ရတဲ့ ဟာတွေအကုန်ပြန်ပြောပြတယ်။"


အိုင်အိုဦးဘနီက၊ "မင်းကို ဘယ်သူကအခင်းဖြစ်ပွားမှုတွေကို ပြန်ပြောပြ တာလဲ။"

ရဲအရာရှိလွင်စိုးက၊ "ဦးဌေးစိုးကိုယ်တိုင် ကျွန်တော့်ကို ပြန်ပြောပြတယ်။" ဆက်ပြီးတော့၊"မနေ့ကဒေါက်တာမြအောင်စာတစ်စောင်လက်ခံရရှိတယ်။ အဲဒီစာက ပြန်ပေးဆွဲတဲ့လူကဆက်ကြေးတောင်းထားတဲ့စာဖြစ်တယ်။"


အိုင်အိုဦးဘနီသည် ခေါင်းတစ်ညိတ်ညိတ်ဖြင့်နားထောင်ရင်း၊ "လွင်စိုးရေ– မင်းပြောခဲ့တဲ့ဖြစ်ပျက်မှုတစ်ခုလုံးကို အခုငါသေသေချာချာပြန်သုံးသပ်ကြည့် တာငါအဖြေရပြီ။ ပြန်ပေးဆွဲတဲ့သူဟာ ပူဖေါင်းရောင်းတဲ့ကုလားလေးမဟုတ် ဘူး။ ဒေါက်တာမြအောင်ရဲ့ အိမ်နီးချင်းဦးဌေးစိုးပဲ။"

အိုင်အိုဦးဘနီသုံးသပ်ချက်ကြောင့် ရဲအရာရှိလွင်စိုးမျက်မှောင်ကြုတ်သွား ပြီးတွေဝေနေသည်။ ဒေါက်တာမြအောင်သားလေးကို ပြန်ပေးဆွဲတဲ့သူဟာ ဦးဌေးစိုးပါလို့ အိုင်အိုဦးဘနီ ဘာ့ကြောင့်ထင်သလဲ။


တစ်ဖက်ပါစာမျက်
နှာတွင်အဖြေရှာ
ကြည့်နိုင်ပါသည်။


အဖြေ ။

# ချမ်းသာလာတော့မည့် အိုင်အိုဘာနီ



အိမ်ရှေ့ကွပ်ပျစ်ပေါ်မှာ အိုင်အိုဦးဘာနီဟာ ရေနွေးကြမ်းနှင့်ကြံသကာအမြည်းထိုင်စားနေစဉ် သူ့မိတ်ဆွေဟောင်းကြီးဦးသိန်း သူ့အိမ်ကိုအလည်ရောက်လာတယ်။ ဦးသိန်းဟာ အလုပ်မယ်မယ်ရရမရှိတဲ့အပြင် အမြဲတမ်းပိုက်ဆံကိုဖြတ်လမ်းနည်းနဲ့ရအောင် တစ်ချိန်လုံးအကြံအစည်ထုတ်တဲ့သူဖြစ်တယ်။ တစ်ညနေ၊ သူဟာသူ့မိတ်ဆွေကြီး အိုင်အိုဦးဘာနီအိမ်ကိုလာလည်ပြီးအချိန်တိုအတွင်း ချမ်းသာလာမယ့်အလုပ်တစ်ခုရှိတယ်လို့ပြောတဲ့အတွက်  သူတို့သူငယ်ချင်းနှစ်ယောက်ဟာကွပ်ပျစ်ပေါ်မှာစကားထိုင်ပြော

နေကြတယ်။


ဦးသိန်းက၊ "မိတ်ဆွေကြီး၊ မင်းကိုပြောပြရအုံးမယ်။ ငါတို့နှစ်ယောက်စလုံး အချိန်တိုအတွင်းချမ်းသာလာမယ့်နည်းလမ်းတစ်ခုကို ငါတွေ့ထားတယ်သူငယ်ချင်းရေ။" ဦးဘနီ၊ "ဟုတ်လား––မင်းရဲ့အကြံကိုပြောပြပါအုံး။"


ဦးသိန်း၊ "ဒီလိုကွ–ရှမ်းပြည်နယ်မှာရှိတဲ့ပန်တလင်းလှိုင်ဂူထဲမှာရှေးဟောင်းလူသားတွေချယ်ထားတဲ့ ပန်းချီကားချပ်တွေကိုကြားဖူးလား။ မနေ့က ငါ့မိတ်ဆွေဦးဇော်ဇော်နဲ့တွေ့တော့ သူကငါ့ကို သတင်းကောင်းတစ်ခုပြောပြတယ်။ ခုနကငါပြောခဲ့တဲ့ရှေးဟောင်းပန်းချီကားချပ်လိုပဲ သူမြိတ်ဘက်မှာ အဲဒီလိုရှေးဟောင်းပန်းချီကားချပ်ရှိတာကို တွေ့ရတယ်တဲ့။ ငါတို့ အဲဒီနေရာကိုစုဝယ်ကြရင်ကောင်းမလား။ မြေပိုင်ရှင်က တောင်သူအဖိုးကြီးတစ်ယောက်ပဲဖြစ်လို့ ဒီအကြောင်းကို သူလုံးဝသိမှာမဟုတ်ဘူး။ ငါတို့အဲဒီနေရာကိုဝယ်ပြီး ရှေးဟောင်းပြခန်းဖွင့်စားရင် ကမ္ဘာလှည့်ခရီးသည်တွေဆီကပိုက်ဆံအများကြီးရပြီး ငါတို့ချမ်းသာလာမှာသေချာတယ်။" ဒါနဲ့ဦးသိန်းဦးက အိုင်အိုဦးဘနီကို ဓါတ်ပုံသုံးပုံပြတယ်။ "ဒီပုံတွေကိုကြည့်–ဘနီ၊ ဒီလှိုင်ဂူကိုရှာတွေ့ဖို့အတွက် ငါ့မိတ်ဆွေဦးဇော်ဇော်ဟာ ရေအနက်ပေလေးထောင်ရှိတဲ့ဒီတူးမြောင်းထဲကိုငုံ့ပြီး ဒီကျောက်ခေတ်ပန်းချီကားချပ်တွေရဲ့ပုံကို ဓါတ်ပုံရိုက်ယူခဲ့တယ်" ပထမပုံထဲမှာ နေတစ်လုံး၊ ငါး၊ လူ့ရဲ့လက်ဖဝါး၊ နွားမတစ်ကောင်နဲ့နွားကလေးနှစ်ကောင်ပုံ၊ သမင်နဲ့ဆင်တစ်ကောင်ပုံတွေကိုပန်းချီဆွဲထားတယ်။ ဒုတိယပုံမှာက ရှေးခေတ်ဆင်တစ်ကောင်ပုံ၊ တောဝက်သိုးတစ်ကောင်နဲ့ကျွဲရိုင်းပုံတွေကိုပန်းချီဆွဲထားတယ်။ တတိယပုံထဲမှာကအမဲလိုက်မုဆိုးနဲ့ဒိုင်နိုဆောကြီးတစ် ကောင်နပန်းလုံးနေကြတဲ့ပုံကို ဆွဲထားတာဖြစ်တယ်။

ဆက်ပြီးတော့ဦးသိန်းက၊ "ဒီပန်းချီကားတွေဟာ ကျောက်ခေတ်ပန်းချီတွေဖြစ်တယ်။ သေသေချာချာကြည့်ရင် ဒီပန်းချီကားချပ်တွေဟာ အသက်ဝင်ပန်းချီကားချပ်တွေဖြစ်ပြီး အလွန်မှတန်ဖိုးရှိတယ်။ ကျောက်ခေတ်လူသားတွေဟာသူတို့အသက်မွေးဝမ်းကြောင်းပြုတဲ့ အမဲလိုက်တိရစ္ဆာန်တွေရဲ့ပုံကိုမြေမျက်နှာပြင်အထက်ဆယ့်နှစ်ပေမြင့်တဲ့ ကျောက်တုံးကြီးကြီးတွေပေါ်မှာပန်းချီရေးဆွဲခဲ့ကြတာဖြစ်တယ်။"


ဦးဘနီက သူ့မိတ်ဆွေပြောပြတဲ့အကြောင်းအရာတွေကိုနားထောင်ရင်း၊ "ဒီမြေကွက်တစ်ကွက်ကိုဝယ်ရင် ဘယ်လောက်ပေးရမလဲ။" ဦးသိန်းက၊ "ဈေးသိန်းသုံးဆယ်ရှိတယ်။ ငါတို့သုံးယောက်စုဝယ်ကြမယ်၊ တစ်ယောက်ကိုသုံးပုံတစ်ပုံပေးရမယ်ဆိုတော့ တစ်ယောက်သိန်းတစ်ဆယ်ဆီပေးရမှာဖြစ်တယ်။ မိတ်ဆွေကြီးရေ–ဒီနေရာကိုဝယ်ပြီးရင် ငါတို့ရှေးဟောင်းပြတိုက်တစ်လုံးဖွင့်စားရင် ကမ္ဘာလှည့်ခရီးသည်တွေ လာရောက်ကြည့်ရှုရင် တစ်ဖြည်းဖြည်းနဲ့ငါတို့နာမည်ကျော်ကြားလာပြီး အချိန်တိုအတွင်းငါတို့ချမ်းသာကြွယ်ဝလာမှာသေချာပေါက်ပဲ။ ငါတို့ဒီနေရာကိုဝယ်ကြရအောင်။" အိုင်အိုဦးဘနီဟာ သူ့မိတ်ဆွေဟောင်းကြီးဦးသိန်းစကားဆုံးတာနဲ့ ကပျာကယာဖြင့်၊ "ဘာသုံးပုံတစ်ပုံပေးရမလဲ။ မင်းကို မတ်စေ့တစ်စေ့တောင်ပေးနိုင်မှာမဟုတ်ဘူး"

အိုင်အိုဦးဘနီဟာ သူ့မိတ်ဆွေဦးသိန်းနဲ့အတူ ဘာကြောင့်ထိုမြေတစ်ကွက်ကို မဝယ်ချင်ရတာလဲ။"




အဖြေ ။

# ဆေးခန်းကလူသတ်မှု



ဒီနေ့တနေ့လုံးမြို့ငယ်လေးမှာနေထိုင်တဲ့သူတွေက သွားဆရာဝန်ဆေးခန်းကဖြစ်ပွါးတဲ့လူသတ်မှုအကြောင်းကို တီးတိုးပြောနေကြတယ်။ အိုင်အိုဘနီရဲ့ဇနီးသည် ဒေါ်ပန်းနုသည်လည်း ဈေးထဲကိုသွားပြီး အစားအစာများသွားဝယ်တဲ့အတွက် အဲဒီမှုခင်းအကြောင်းကိုလဲ ကြားခဲ့ရတယ်။ သူအိမ်ပြန်ရောက်လာတဲ့အခါ သူ့ခင်ပွန်းသည်အားလူသတ်မှုဖြစ်တဲ့အကြောင်းကိုပြန်ပြောပြတယ်။ ဒေါ်ပန်းနု၊ "အဖေကြီးရေ--မနှင်းနွယ်ကို သေနတ်သမားတစ်ယောက်ကသွားဆေးခန်းမှာ လာပစ်သတ်သွားတယ်။"

ဦးဘနီမျက်လုံးပြူးသွားပြီး၊ “ဟော––ဘယ်နှင်းနွယ်လဲအမေကြီး။”
ဒေါ်ပန်းနု၊ “အဖေကြီးကလဲ–စားသောက်ဆိုင်ဖွင့်ထားတဲ့မနှင်းနွယ်လေ။”
အိုင်အိုဦးဘနီ၊ “ဘာကိစ္စနဲ့သူ့ကိုလာသတ်သွားတာလဲ–– ဘယ်နေရာမှာ အပစ်ခံရလဲ။”
ဒေါ်ပန်းနု၊ “သူသွားဆရာဝန်ဆေးခန်းမှာ သွားနူတ်တာ လူတစ်ယောက် ကသူ့ကိုဆေးခန်းမှာပဲ လာပစ်သတ်သွားတယ်။”

အိုင်အိုဦးဘနီအိမ်သို့စစ်ဆေးရေးမှူးရဲအရာရှိ လွင်စိုးကတစ်နာရီအတွင်း ရောက်ချလာတယ်။ အိုင်အိုဦးဘနီအား အဲဒီလူသတ်မှုစုံစမ်းစစ်ဆေးဖို့အ တွက်လာခေါ်ခြင်းဖြစ်တယ်။ မြို့ငယ်ငယ်လေးထဲမှာ စုပေါင်းနေထိုင်ကြလို့ဒီ လိုပဲ အချင်းချင်းတစ်ဦးနဲ့တစ်ဦးဖေးမကူညီကြရတယ်။ သူတို့နှစ်ဦးကား ထွက်စီးလာပြီး ကားထဲမှာပင်ရဲအရာရှိလွင်စိုးက အခင်းဖြစ်ပွားမှုကိုအိုင် အိုဦးဘနီအားအကြောင်းစုံပြန်၍ပြောပြလိုက်တယ်။ “မနေ့ကသွားဆရာ ဝန်ဒေါက်တာ လွင်လွင်ဟာ မနှင်းနွယ်သွားကို နူတ်ပေးဖို့ပစ္စည်းကိရိယာ တွေပြင်ဆင်နေတုန်း သူ့အနောက်မှာရှိတဲ့ဆေးခန်းတံခါးဟာတဖြည်းဖြည်း ဟလာပြီး၊ သေနတ်ကိုင်ပြီး လက်အိတ်ဖြူဖြူစွပ်ထားတဲ့လက်တစ်ဖက်ပေါ် လာတယ်။ ပြီးတော့သေနတ်သံ ၂ ချက်မြည်သွားပြီးမနှင်းနွယ်ဟာကုလား ထိုင်ပေါ်မှအောက်ကို အရုပ်ကြိုးပြတ်လဲကျသွားတယ်။ သူအသည်းအသန် ဒါဏ်ရာရသွားလို့ ဆေးရုံကြီးမရောက်ခင်မှာသူအသက်ထွက်သွားတယ်။”
ရဲအရာရှိလွင်စိုး၏ ကားလေးသည်ရဲစခန်းရှေ့တွင်ရပ်ပြီးနောက်သူတို့နှစ်ဦး ကားပေါ်မှဆင်း၍ရဲစခန်းထဲဝင်သွားသည့်အခါဆက်ပြီး ရဲအရာရှိလွင်စိုးက၊ “အခုမနှင်းနွယ်ကိုသတ်ပစ်တဲ့ မသင်္ကာရတဲ့လူသတ်သမားကိုတွေ့ပြီ။ မနေ့ ကဈေးမှာရေရောင်းတဲ့ကောင်လေးကအမျိုးသားကြီးတစ်ယောက်ကသူ့ကို

သွားဆရာဝန်ဆေးခန်းဘယ်မှာရှိသလဲမေးလို့ သူလမ်းပြလိုက်တယ်တဲ့။ အဲဒီအမျိုးသားရဲ့မျက်နှာဟာ ဂဏာသိပ်မငြိမ်ဘူး၊ တုန်တုန်ရင်ရင်ဖြစ်နေလို့သူသိပ်မသင်္ကာဘူးတဲ့။ ရေရောင်းတဲ့ကောင်လေးက အဲဒီလူရဲ့ပုံပန်းသဏ္ဍာန်ကို ပြောပြတော့ ထောင်ထွက်ပေတူးရဲ့ မျက်နှာပေါ်လာတယ်။ အဲဒီလူဟာ ထောင်ခဏခဏကျခဲ့ဖူးပြီး မကြာခင်ကဘဲ ထောင်ကထွက်လာတာ။ ဒါပေမယ့်သူဥပဒေအောက်မှာရှိနေတုန်းပဲ။ တစ်လတစ်ခါ တရားရုံးကိုသွားပြီး လက်မှတ်ထိုးရတယ်။ ခုနလေးတင် မြို့နယ်တရားရုံးဆီက ကျွန်တော်ဝရမ်းစာတောင်းပြီးသူ့ကိုသွားဖမ်းခိုင်းပြီ။ သူကတော့ စည်းကမ်းအသေးအမွှားချိုးဖောက်မှုကို စစ်ဆေးတာပဲလို့ထင်မှာဖြစ်တယ်။

သူတို့နှစ်ဦးအဆောက်အဦးထဲသို့ဝင်သွားပြီးလက်ဖက်ရည်ခဏထိုင်သောက်ကြပြီးမကြာ ခင်မှာပဲပေတူးကိုရဲ သားနှစ်ယောက်ကချုပ်ပြီးအခန်းထဲသို့ဝင်လာသည်။ ပေတူးကဒေါသထွက်ပြီးအော်ကြီးဟစ်ကျယ်နဲ့၊ “ခင်ဗျားတို့ကျွန်တော့်ကိုဒီမှာဘာအကြောင်းနဲ့ခေါ်လာရတာလဲ။ ငါဘာစည်းကမ်းကိုချိုးဖောက်မိသလဲ။”

ရဲအရာရှိလွှင်စိုးကစပြီး၊ “ခင်ဗျားဒေါက်တာလွှင်လွှင်ကိုသိလား။”
ပေတူးက၊ “သိတယ်။ ဘာဖြစ်လို့လဲ။ ”
ရဲအရာရှိလွှင်စိုး “မနေ့ကမနှင်းနွယ်သွားနှုတ်ဖို့ ဆေးခန်းကိုသွားတာ သူ့ကိုလူဆိုးတစ်ယောက်ကသွား ဆေးခန်းမှာပဲသွားပစ်သတ်လိုက်တယ်။”
ပေတူး၊ “ဟုတ်လား၊ သိတောင်မသိဘူး၊ ကျွန်တော့်အိမ်မှာတစ်နေ့လုံးအိပ်မောကျနေတာ။”
ရဲအရာရှိလွှင်စိုး၊ “ခုလေးတင်ပဲ ရေရောင်းတဲ့ကောင်လေးကခင်ဗျားနဲ့ရုပ်

ဆင်တဲ့အမျိုးသားတစ်ယောက်က အခင်းမဖြစ်ပွါးခင်က သူ့ကိုသွားဆရာဝန်ဆေးခန်းသွားဖို့လမ်းပြခဲ့တယ်လို့ပြောတယ်။"

ပေတူးကစွပ်စွဲချက်ကိုငြင်းဆိုလိုက်တယ်။ "ဟာ–အဲဒါကျွန်တော်မဟုတ်ဘူး။ ကျွန်တော်နဲ့ရုပ်ဆင်တဲ့လူ တစ်ပုံကြီးရှိတယ်။ ထောင်ထဲထွက်လာတဲ့အချိန်ကစပြီးကျွန်တော်တစ်ခါမှဆရာဝန်နဲ့ သွားမတွေ့ရသေးဘူး၊ ကျွန်တော်ပါလို့ ဒေါက်တာလွှင်လွှင်ဘယ်လိုလုပ်သိမှာလဲ။ ကျွန်တော့်ကိုသူမှမမြင်တာ၊ ကျွန်တော်လူသတ်သမားပါလို့ သူဘယ်လိုပြောလို့–––––"

ပေတူးစကားမဆုံးခင်မှာပဲအိုင်အိုဦးဘနီက၊ "မင်းကိုငါတို့ထောင်ထဲပြန်ထည့်ဖို့အတွက်ဒီလောက်ထွက်ဆိုတာ လုံလောက်ပြီ––ပေတူး။"

ပေတူးလူသတ်သမားဖြစ်တယ်လို့ အိုင်အိုဦးဘနီ ဘယ်လိုလုပ်သိသလဲ။


တစ်ဖက်ပါစာမျက်
နှာတွင်အဖြေရှာ
ကြည့်နိုင်ပါသည်။



# ရွှေလက်စွပ်ပျောက်မှု




အိုင်အိုဦးဘနီမှာ ချစ်စရာကောင်းတဲ့မြေးမလေးတစ်ယောက်ရှိတယ်။ သူမရဲ့နာမည်က “မိုးပွင့်ဖြူ” တဲ့။ မိုးပွင့်ဖြူလေးဟာ အသက် ၁၀ နှစ်သာရှိသေးတယ်။ သူဟာ သူ့အဖိုးရဲ့အလုပ်တွေကို အလွန်မှစိတ်ဝင်စားတဲ့သူတစ်ယောက်ဖြစ်တယ်။ ကျောင်းပိတ်ရက်ဖြစ်လို့ သူ့မိဘတွေနဲ့သူ့အဖိုးဆီကို အလည်ရောက်လာတယ်။ ထုံးစံအတိုင်း ကလေးမလေးဟာသူ့အဖိုးလိုက်ရတဲ့မှုခင်းတွေကိုအရမ်းစိတ်ဝင်စားပြီး နားထောင်ချင်လို့အမြဲတမ်းအဖိုးကိုပြောပြဖို့ ဂျီကျောင်လုပ်တယ်။ ဒါနဲ့သူ့အဖိုးက၊ “ဒါဆိုရင်မြေးကို အဖိုး

လိုက်ရတဲ့မှုခင်းတစ်ခုအကြောင်းပြောပြမယ်။ ရွှေလက်စွပ်ပျောက်သွားမှု တစ်ခုကို ဖိုးဖိုးပြောပြမယ်နော်။ ဒီလိုကွယ့် မြေးလေးရဲ့ ----

တစ်နေ့မှာ၊ အိုင်အိုဘနီဟာရဲစခန်းထဲမှာအလုပ်လုပ်နေတုန်း တယ်လီဖုန်း သံမြည်လို့သွားကိုင်လိုက်တယ်။ ဖုန်းထဲမှာ မစန်းစန်းဟာအသံကတုန်က ယင်နဲ့ သူ့လက်စွပ်ကိုသူခိုးခိုးသွားပြီလို့ ရဲစခန်းကိုတိုင်လိုက်တယ်။ ဒါနဲ့ဦး ဘနီဟာ သူ့ရဲ့တပည့်တစ်ချို့ကိုခေါ်ပြီး အဲဒီအမှုကိုစုံစမ်းစစ်ဆေးရှာဖွေဖို့အ တွက်အခင်းဖြစ်ပွါးနေတဲ့မစန်းစန်းအိမ်ကိုရောက်သွားကြတယ်။ သူတို့အိမ် ထဲဝင်သွားတော့ မီးပြတ်သွားလို့ အိမ်တစ်အိမ်လုံးမှောင်ကျသွားတယ်။ အဲဒီမှာ မစန်းစန်းဟာ သူ့ကုလားထိုင်ပေါ်မှာထိုင်နေတာကို သူတို့တွေ့ရ တယ်။ မစန်းစန်းဟာ အိမ်ထဲမှာတစ်ယောက်တည်းနေပြီး စိတ်သိပ်မနှံ့တဲ့ ပုံရှိနေတယ်။ အဲဒီအချိန်မှာ တာဝန်ရှိတဲ့ပုဂ္ဂိုလ်တစ်ယောက်က မကြာခင် မီးပြန်လာမယ်လို့ ဦးဘနီကိုလာပြောတယ်။ ဦးဘနီကမစန်းစန်းရှေ့မှာထိုင် ပြီး အခင်းဖြစ်ပွါးပုံကို စစ်ဆေးမေးမြန်းနေတယ်။ အဲဒါနဲ့ မစန်းစန်းကအအ ကြောင်းဖြစ်စုံကို ပြန်ပြောပြတယ်။ “ကျွန်မရုပ်ရှင်ထိုင်ကြည့်နေတုန်းမှာပဲ မီးပြတ်သွားတယ်။ အဲဒီအချိန်မှာ ထူးခြားတဲ့အသံတစ်ခုက အိပ်ခန်းကနေ ထွက်လာတယ်။ ကျွန်မထသွားကြည့်ဖို့ပြင်နေတုန်း လူတစ်ယောက်ဟာအ ခန်းထဲကထွက်ပြေးလာပြီး ကျွန်မကိုပြေးတိုက်မိလို့ ကျွန်မလဲကျသွားတယ်။ ကျွန်မလဲနေရာကပြန်ထတော့ သူ့ကိုမတွေ့တော့ဘူး။ ဒါပေမယ့် အိမ်ရှေ့ တံခါးပွင့်သွားပြီး လူတစ်ယောက်ထွက်ပြေးသွားတာကို သိလိုက်တယ်။ အဲ ဒီနောက်ပိုင်း ကျွန်မတယ်လီဖုန်းဆီတွားသွားပြီ ရှင်တို့ဆီဖုန်းလှမ်းဆက် လိုက်တာ။ ဖုန်းချပြီးတဲ့နောက် ကျွန်မဖယောင်းတိုင်မီးထွန်းပြီး ကျွန်မအိပ် ခန်းကိုစစ်ဆေးကြည့်တော့ ကျွန်မရဲ့ရွှေလက်စွပ်တစ်ကွင်း ပျောက်သွား တယ်။”


မကြာခင်မှာမီးပြန်လာပြီး အိမ်တစ်အိမ်လုံးထိန်ထိန်လင်းသွားတယ်။ ဦးဘနီဟာ အိမ်ရဲ့အခြေအနေကို တစ်ချက်ဝှေ့ကြည့်လိုက်တယ်။ အိမ်လေးဟာငယ်ပေမယ့် သပ်ရပ်သန့်ရှင်းနေတာပဲ။ အိမ်ပရိဘောဂတွေဟာ သူ့နေရာနဲ့သူစနစ်တကျရှိတယ်။ အိပ်ခန်းတံခါးဟာ အိမ်ရှေ့တံခါးရဲ့မျက်နှာချင်းဆိုင်တည့်တည့်မှာရှိတယ်။ အဲဒီအချိန်မှာ တယ်လီဖုန်းလာလို့ မစန်းစန်းကတယ်လီဖုန်းသွားကိုင်လိုက်တယ်။ အဲဒီမှာစုံထောက်ကြီးဦးဘနီတစ်ခုသတိပြုမိတာက သူမကိုင်တဲ့တယ်လီဖုန်းဟာ ကြိုးနဲ့မသွယ်ထားတဲ့တယ်လီဖုန်းမျိုးဖြစ်တယ်။ မစန်းစန်းက တယ်လီဖုန်းကိုင်ပြီး တယ်လီဖုန်းပြောဖို့အခွင့်တောင်းပြီး သူ့အိပ်ခန်းထဲဝင်သွားတယ်။ တယ်လီဖုန်းပြောပြီးပြီးချင်းမှာပဲဦးဘနီနဲ့စကားပြောဖို့ သူဧည့်ခန်းဆီကိုပြန်လာတယ်။ အဲဒီမှာသူ့ကို ဦးဘနီက ကြိုးမရှိတဲ့တယ်လီဖုန်းတစ်လုံးပဲရှိလားလို့မေးတယ်။ မစန်းစန်းကဒီလိုတယ်လီဖုန်းတစ်လုံးပဲရှိတယ်လို့ ဦးဘနီကိုပြန်ပြောတယ်။ အဲဒါနဲ့ဦးဘနီက "မစန်းစန်း--ဒါဆိုရင်ကျွန်တော်မေးခွန်းနောက်ဆုံးတစ်ခုမေးမယ်။ "

ဦးဘနီအဖြေကိုစောင့်နားထောင်နေသောသူ့မြေးမလေးမျက်နှာကိုကြည့်၍ပြုံးပြီး၊ "ငါ့မြေး--မစန်းစန်းကို ဖိုးဖိုးဘာမေးခွန်းမေးလဲဆိုတာသိလား။" မိုးပွင့်ဖြူက သူ့အဖိုးကိုခေါင်းခါပြတယ်။ "ခင်ဗျားရဲ့လက်စွပ်ကို ဘယ်မှာသွားဝှက်ထားတာလဲ"လို့သူ့ကိုဖိုးဖိုးမေးတယ်။ သူ့မြေးမလေးမိုးပွင့်ဖြူမျက်လုံးပြူးသွားပြီး၊ "ဖိုးဖိုး၊ ဘာဖြစ်လို့သူ့ကို အဲဒီလိုသွားမေးလိုက်လဲ၊ သူ့လက်စွပ်တစ်ကွင်းလုံးပျောက်သွားတာကို ဖိုးဖိုးကဘာလို့ သူဘယ်မှာသွား ဝှက်ထားတယ်လို့သွားမေးလဲ၊ သူလိမ်ပြောတယ်လို့ထင်တာလား။" အဖိုးကမြေးမလေးအား ခေါင်းညိတ်ပြလိုက်သည်။ ဘာဖြစ်လို့မစန်းစန်းလိမ်ပြောတာလို့ဦးဘနီထင်သလဲ။




အဖြေ ။

# ဦးသာထွေး–
# လေယာဉ်မောင်းသမား



တစ်နေ့ အိုင်အိုဦးဘနီဟာ တစ်လတခါ မိသားစုတွေ့ဆုံပွဲကို သွားတက်ရောက်ရမှာဖြစ်တယ်။ ဒါပေမယ့် သူ့ကိစ္စနည်းနည်းရှိလို့ သူ့ဇနီးသည်ဒေါ်ပန်းနု၊ သား၊ ချွေးမနဲ့မြေးမလေးမိုးပွင့်ဖြူတို့ကို အစားအသောက်ပြင်ဆင်ခိုင်းပြီး အရင်သွားခိုင်းထားလိုက်တယ်။ သူနောက်ကျရောက်သွားချင်လို့မဟုတ်ပါဘူး။ ဒါပေမယ့် သူလုပ်ရမယ့်အလုပ်တွေ နည်းနည်းရှိနေလို့ပါ။ ဒါ့ကြောင့် မွန်းလွဲပိုင်းခါနီးမှ သူရောက်သွားတယ်။

မိသားစုတွေ့ဆုံပွဲကို သူ့အစ်မအကြီးဆုံး ဒေါ်သင်းသင်းအိမ်မှာ ကျင်းပကြတာဖြစ်တယ်။ အစ်မကြီးအိမ်ထဲဝင်သွားတော့ ဟင်းနံ့တွေ မွှေးကြိုင်နေတာပဲ။ အိမ်ထဲမှာ လူတွေရှုတ်ရှုတ်သဲသဲဖြစ်နေကြလို့ သူအိမ်ထဲဝင်လာတာကို တစ်ယောက်မှတောင်သတိမထားမိကြဘူး။ အပျိုမလေးတွေကမဂ္ဂဇင်းထိုင်ဖတ်နေကြပြီး သီချင်းနားထောင်နေကြတယ်။ လူပျိုနဲ့ယောက်ျားကြီးတွေ က ဘောလုံးအသင်းများဖြစ်တဲ့ မင်ချဲစတာနဲ့လေဘာဖူးဘောလုံးပွဲကိုကြည့်ပြီး အသားကုန်အားပေးနေကြတယ်။ အမျိုးသမီးကြီးတွေက အိမ်နောက်ဖေးမီးဖိုချောင်မှာ အလုပ်ရှုပ်နေကြတယ်။ ဦးဘနီတစ်ခုသတိထားမိတာက သူ့မြေးမလေးမိုးပွင့်ဖြူရယ်၊ သူ့အစ်မကြီးရဲ့ မြေးယောက်ျားအငယ်လေးနှစ်ယောက်နဲ့ဦးကြီးဦးသာထွေးတို့ကိုလူအုပ်ထဲမှာသူမတွေ့ရဘူး။ တစ်အောင့်ကြာတော့ သူစာကြည့်ခန်းထဲသွားဝင်ကြည့်တော့မှ ဦးကြီးသာထွေးဟာ သူ့မြေးတွေကို ရှေးဟောင်းနှောင်းဖြစ်အကြောင်းအရာမျိုးစုံပြောပြနေပြီး ဒုတိယကမ္ဘာစစ်ပွဲကြီးအကြောင်းကိုလည်း ပြောပြနေတယ်။

ကလေးတွေဟာ စစ်သားတစ်ယောက်အနေနဲ့ ဖြတ်သန်းခဲ့ရတဲ့ဦးကြီးသာထွေးရဲ့ဘဝအတွေ့အကြုံများ ကိုနားထောင်ရင်းပျော်မွေ့နေကြတယ်။ မိုးပွင့်ဖြူလေးက အခန်းထောင့်တစ်နေရာမှာထိုင်နားထောင်ရင်း ဓါတ်ပုံဟောင်းများကိုကြည့်နေတယ်။ ကလေးတွေကဦးကြီးသာထွေးပြောပြတဲ့အကြောင်းအရာတွေကို စိတ်ဝင်စားတဲ့အတွက် ဦးဘနီဝင်လာတာကိုတောင်မှသတိမထားမိဘူး။ ဒါကြောင့်စကားပြော နေတဲ့ဦးကြီးသာထွေးကိုမနှောင့်ယှက်ချင်လို့ သူ့မြေးမလေးဘေးမှာတဖြည်းဖြည်းထိုင်ချလိုက်တယ်။ ဦးဘနီဟာသူမြေးမလေးကြည့်နေတဲ့ ဓါတ်ပုံဟောင်းတစ်ပုံကိုလှမ်းကြည့်ပြီးသူပြုံးတယ်။ ဓါတ်ပုံတွေဟာ ဦးကြီးသာထွေးနဲ့သူ့ဇနီးဒေါ်သီရိတို့ အသက် ၁၇–၁၈ နှစ်

တုန်းကရိုက်ထားတဲ့ဓါတ်ပုံတွေဖြစ်တယ်။ ဒေါ်သီရိက ရှေးခေတ်အမျိုးသမီးတွေလိုဆံထုံးကြီးထုံးထားပေမယ့် ကျက်သရေရှိပြီး အလွန်လှပတဲ့အမျိုးသမီးတစ်ဦးဖြစ်တယ်။ ဦးကြီးသာထွေးရဲ့ပုံက ပိန်ညှောင်ပြီး မကျန်းမမာတဲ့ပုံပေါ်နေတယ်။ မျက်မှန်ထူ ထူကြီးကိုလည်းတပ်ထားတယ်။ မိုးပွင့်ဖြူကသူ့ဖိုးဖိုးကြီးဦးသာထွေးရဲ့ဓါတ်ပုံတွေကိုကြည့်ရင်း တစ်ခစ်ခစ်ရီနေတယ်။ အဲဒီမှာသူတို့မြေးအဖိုးနှစ်ယောက်ဟာ ဦးကြီးသာထွေးပြောပြတဲ့အကြောင်းတစ်ခုကိုကြားလိုက်ရတယ်။ "အင်း--မြေးတို့ရေ၊ ဖိုးဖိုးလေတပ်စစ်သားဖြစ်ခဲ့တဲ့အတွေ့အကြုံတွေကို ပြောပြရအုံးမယ်။ ဖိုးဖိုးတို့ကို သင်တန်းပေးခဲ့တဲ့သူတွေက ကျွမ်းကျင်တဲ့ဗြိတိသျှလေတပ်စစ်ဗိုလ်တွေဖြစ်တယ်။ ဖိုးဖိုးတို့လဲဉာဏ်ထက်ပြီး ဖြတ်ထိုးဉာဏ်ကောင်းတဲ့လူတွေဖြစ်လို့ မကြာခင်မှာဖိုးဖိုးတို့လေယာဉ်ကို ကျွမ်းကျင်စွာမောင်းတတ်သွားတယ်။ ဖိုးဖိုးတို့အရမ်းတော်လို့သင်တန်းပေးတဲ့ဗြိတိသျှသင်တန်းဆရာတွေက အဖိုးတို့ကိုအိန္ဒိယနိုင်ငံမှာရှိတဲ့ ဗြိတိသျှလေတပ်စစ်သားတွေကို လေယာဉ်မောင်းသင်တန်းသွားပေးခိုင်းတယ်။ တော်သေးတာပေ့ါ၊ တခါဖိုးဖိုးလက်ရေးပြလေယာဉ်မောင်းနေတုန်း ဖိုးဖိုးမိတ်ဆွေတစ်ယောက်က ဖိုးဖိုးရဲ့လေယာဉ်အမြီးကိုသူ့လေယာဉ်နဲ့လာချိတ်မိဖို့နည်းနည်းပဲလိုတော့တယ်။ ချိတ်မိရင်တော့ သူနဲ့ဖိုးဖိုးတော့ပွဲချင်းပြီးပဲ။"

ဦးကြီးသာထွေးကပြောပြပြီး ဟန်အမူအယာနဲ့လုပ်ပြလို့ သူ့လက်ကသူ့မျက်မှန်ကိုသွားတိုက်မိလို့အောက်ပြုတ်ကျတာကျိုးကျသွားခါနီးပဲ။ မြေးတွေကသူ့အဖိုးကို အထင်တွေကြီးပြီး အဖိုးပြောပြနေတဲ့အကြောင်းတွေကိုမတုန်မလှုပ်ငြိမ်သက်စွာနားထောင်နေတယ်။ သူတို့မှာ တော်တဲ့အဖိုးတစ်ယောက်ရှိနေကြောင်းတွေးရင်း ဂုဏ်ယူနေမိကြတယ်။ စိတ်လှုပ်ရှားစွာနဲ့

နားထောင်ရင်း သူတို့ကထပ်ပြီး၊ "ဖိုးဖိုးရေ––လန်ဒန်မှာဖိုးဖိုးလေယာဉ်မောင်းသင်တန်းပေးခဲ့တဲ့အတွေ့အကြုံကိုလည်း ထပ်ပြောပြပါအုံး။" အဲဒီမှာပင် နေ့လယ်စာထမင်းသွားစားဖို့ အိမ်နောက်ဖေးမီးဖိုချောင်ဆီကခေါ်တဲ့အသံကိုကြား လိုက်ရတယ်။ အဲဒါနဲ့ဦးကြီးသာထွေးက၊ "အေးအေး––မင်းတို့ကိုပြောပြမယ်။ အခုနေ့လယ်စာအရင် သွားစားကြ၊ မင်းတို့အမေခေါ်နေပြီ။"

ကလေးတွေကသူတို့အမေကိုပြန်အော်ပြောလိုက်သည်။ "မေမေရေ–သားသားတို့အခုမစားချင်သေးဘူး၊ နောက်မှစားမယ်။ ဖိုးဖိုးကြီးက ကျွန်တော်တို့ကိုသူလန်ဒန်မှာ လေယာဉ်မောင်းသင်တန်းပေးခဲ့ဘူးတာကို ပြောပြမလို့။"


"သားတို့ရေ––မရဘူး၊ အခုပဲလာစားကြ၊ သားတို့စားပြီးရင် လူကြီးတွေလဲနေ့လယ်စာစားကြရအုံးမယ်။"

မိုးပွင့်ဖြူလေးက ထမင်းသွားစားဖို့ထိုင်နေရာမှထရင်း သူ့အဖိုးအိုင်အိုဦးဘနီကို "ဖိုးဖိုးကြီးပြောပြတဲ့အကြောင်းတွေကို ဖိုးဖိုးယုံလား။ သမီးတော့မယုံဘူး" လို့ပြောပြီး ထမင်းစားခန်းထဲဝင်သွားတယ်။

အိုင်အိုဦးဘနီနဲ့ဦးကြီးသာထွေးတို့လဲ သူတို့မြေးမလေးပြောသွားတာကိုပြန်တွေးရင်း အပြုံးကိုယ်စီနဲ့ရှိနေကြတယ်။ ဦးကြီးသာထွေးခေါင်းကိုခါယမ်းရင်းအိုင်အိုဦးဘနီအားလှမ်းပြီး၊ "ငါ့တူရေ––မင်းရဲ့မြေး မလေးကတော့မင်းခြေရာကိုနင်းမှာသေချာပေါက်ပဲ။"

အိုင်အိုဦးဘနီကပြုံးပြီးဦးကြီးသာထွေးအား၊ “ဘကြီးရေ––ဘကြီးကတော်တော်ထွင်ပြောတတ်တယ်နော်၊ ကလေးတွေနားထောင်တာငြိမ်နေတာပဲ။” လို့ပြောပြီး ဦးကြီးသာထွေးကို ထမင်းစားခန်းထဲတွဲခေါ်သွားတယ်။

အိုင်အိုဦးဘနီနဲ့ သူ့မြေးမလေးမိုးပွင့်ဖြူတို့မြေးအဖိုးနှစ်ယောက်ဟာ ဦးကြီးသာထွေးပြောပြတဲ့အကြောင်း အရာတွေမဟုတ်မမှန်ကြောင်း ဘယ်လိုလုပ်သိသလဲ။




အဖြေ ။

# အံ့သြဖွယ်ကောင်းသော ကြိုးဆွဲချသေမှု



မိုးပွင့်ဖြူလေးဟာ နွေရာသီကျောင်းပိတ်ရက်များမှာ သူ့အဖိုးအဖွားနဲ့လာရောက်နေထိုင်တယ်။ သူဟာသွက်လက်ဖျတ်လတ်တဲ့ကလေးတစ်ယောက်ဖြစ်တယ်။ မိုးပွင့်ဖြူလေးဟာ မနက်စောစောမှာ အမြဲတမ်းသူ့အဖိုးနောက်လိုက်သွားပြီး အဖိုးလက်ဖက်ရည်ထိုင်သောက်နေတဲ့အချိန် သူကကောက်ညှင်းပေါင်းထိုင်စားနေတယ်။ မြေးအဖိုးနှစ်ယောက်မနက်စာစားပြီးတဲ့အခါ ထုံးစံအတိုင်း သူ့အဖွားအတွက် မုန့်ဟင်းခါးတစ်ခွက်ဝယ်လာပေးပြီး နှစ်ယောက်သားအိမ်ပြန်လာကြတယ်။ မိုးပွင့်ဖြူလေးဟာ တစ်ခါတလေ သူ့

အဖွားကို ပုဂံခွက်ယောက်တွေကူဆေးပေးတယ်၊ ကြမ်းကူတိုက်တယ်၊ သူ့တာဝန်ပြီးရင်အဖွားကရေချိုး၊နေ့လယ်စာခေါ်စားတဲ့အထိခြံထဲမှာသွားပြေးကစားနေတယ်။ နေ့လယ်စာစားပြီးတဲ့အခါ သူ့အဖိုးအိမ်မှာရှိနေရင် အဖိုးအဖွားနဲ့စကားထိုင်ပြောကြတယ်။ ဒါပေမယ့် တစ်ခါတလေ သူ့အဖိုးအလုပ်များလို့ မအားရင်သူစာတွေဖတ်လေ့ရှိတယ်။ မိုးပွင့်ဖြူလေးဟာ စာဖတ်အရမ်းဝါသနာပါတဲ့ ကလေးမတစ်ယောက်ဖြစ်တယ်၊ သူကြီးလာရင် သူ့အဖိုးအိုင်အိုဦးဘနီလိုပဲ စုံထောက်ဖြစ်ချင်သတဲ့။

တစ်ညနေ၊ သူ့အဖိုးဘယ်မှမသွားတော့ သူတို့အိမ်ရှေ့မှာ စကားထိုင်ပြောနေကြတယ်။ သူ့အဖိုးအား "ဖိုးဖိုးကိုလေ−−သမီးဖတ်ဖူးတဲ့မှုခင်းတစ်ခုအကြောင်းကိုပြောပြမယ်။ ဖိုးဖိုးအဖြေရှာပေးနော်။" အဖိုးက၊ "အင်း−−ပြောပြပါအုံး။"

"ဒီလို−−ဖိုးဖိုးရေ၊ တစ်နေ့ပုလိပ်တစ်ဖွဲ့က ကြိုးဆွဲချသေတဲ့လူတစ်ယောက်ရဲ့အမှုကိုသွားစစ်ဆေးစုံစမ်းတယ်။ အဲဒီလူရဲ့လည်ပင်းဟာကြိုးနဲ့တန်းလန်းချိတ်နေပြီး သူ့ခြေနှစ်ဖက်စလုံးက ကြမ်းပြင်အထက်နှစ်ပေလောက်မှာမြင့်တက်နေတယ်။ သူဘယ်လိုနည်းနဲ့ကြိုးဆွဲချသေသလဲဆိုတာကို ပုလိပ်တွေကအခန်းတစ်ခန်းလုံးကို လိုက်လံရှာဖွေစစ်ဆေးကြည့်တယ်။ အခန်းထဲကကုလားထိုင်တွေ၊ အမြင့်ပေါ်တက်ပြီး ကြိုးဆွဲချသေနိုင်တဲ့ပစ္စည်းတွေကိုလည်းတစ်ခုတစ်လေမှလဲ သူတို့မတွေ့ဘူးဖိုးဖိုး၊ ဒီကြိုးဆွဲချသေတဲ့အမှုကိုဘယ်လိုစစ်ဆေးဖေါ်ထုတ်ရမလဲဆိုတာစဉ်းစားရင်း သူတို့အကြံကုန်နေကြတယ်။ ဒါပေမယ့်တစ်ခုရှိတယ်ဖိုးဖိုး၊ အခန်းတစ်ခန်းလုံးရေတွေနဲ့စိုရွှဲနေပြီး အဲဒီအလောင်းအောက်မှာ ရေတစ်ကွက်အိုင်နေတယ်တဲ့။"

အဖိုးက သူ့မြေးမလေးပြောတဲ့အကြောင်းကိုနားထောင်ရင်း ကပြုံးပြီးမိုးပွင့်ဖြူလေးကို၊ "အို––သူသေခါနီးမှာ သူသေးပန်းချခဲ့လို့ပဲဖြစ်မှာပေ့ါ" လို့အဖြေပေးတော့–သူမြေးမလေးကတစ်ခစ်ခစ်ရယ်ပြီး၊ "ဟီးဟီး–– ဖိုးကလဲမဟုတ်ရပါဘူး၊ ––အဲဒီရေဟာသေးစော်နဲ့မနံနေပါဘူး။" "မြေးလေးပြောပြတဲ့မှုခင်းအဖြေကိုရှာရခက်သွားပဲ။"

မိုးပွင့်ဖြူလေးဟာ စုံထောက်ဖြစ်တဲ့သူ့အဖိုးတောင် ဒီအကြောင်းကိုခေါင်းမူးသွားအောင်တွေးလိုက်ရလို့ သူ့ကိုယ်သူဂုဏ်ယူရင်း ကြည်နူးနေမိတယ်။ နောက်ပြီး သူ့အဖိုးကို၊ "အလောင်းအောက်မှာ ရေကြီးကြီး တစ်ကွက်အိုင်နေတယ်၊ သေးစော်နဲ့မနံဘူးနော်။" ဒီတစ်ခေါက် အိုင်အိုဦးဘနီကိုကူညီစဉ်းစားပေးကြပါအုံး။




အဖြေ ။

# မိနစ် ၃၀ အတွင်း ဖော်ထုတ်နိုင်သောဓါးပြတိုက်မှု



အခုခေတ်မှာစီးပွါးရေးကြပ်တည်းပြီး စားဝတ်နေရေးအဆင်မပြေလို့ညပိုင်းအချိန်မှာ မှုခင်းဖြစ်ပွါးမှုတွေအရမ်းများလို့ ညပိုင်းမှာအိုင်အိုဦးဘနီရဲ့အကူအညီကို တောင်းခံကြရတယ်။ ဒီညလည်းပဲ၊ အိုင်အိုဦးဘ နီဟာစာဖတ်ပြီးအိပ်ရာဝင်ဖို့ပြင်ဆင်နေတုန်းမှာပဲ တယ်လီဖုန်းသံမြည်လို့ သွားကိုင်လိုက်တယ်။ တယ်လီဖုန်းက ရဲအရာရှိလွင်စိုးရဲ့ဖုန်းဖြစ်နေတယ်။ သူက “ဦးလေးအိပ်ရာဝင်ပြီလား၊  မအိပ်သေးရင်မြို့ထဲသွား ပြီးမှုခင်းတစ်ခုကိုကူညီစုံစမ်းပေးပါအုံး။”

မှုခင်းကတော့ ဓါးပြတစ်ယောက်ဟာပိုက်ဆံ ၁၈၀၀၀ ဘတ်လုယက်သွားတဲ့အမှုပဲဖြစ်တယ်။ ဒီအမှုဟာ ကြီးလေးတဲ့အမှုမဟုတ်ဘူး။ ဒါပေမယ့်ဓါးပြတိုက်သွားတဲ့သူဟာ ရဲအရာရှိကိုလွင်စိုးမိတ်ဆွေရဲ့သမီးဖြစ်နေတဲ့အတွက် သူကူညီဖို့သဘောတူလိုက်တယ်။

အိုင်အိုဦးဘနီဟာ စွပ်ကျယ်အင်္ကျီလက်ရှည်ကိုကောက်ဝတ်ပြီး ဦးထုပ်ဆောင်းကာ ထွက်သွားမည့်ဆဲဆဲမှာ သူ့ဇနီးသည်ဒေါ်ပန်းနုရောက်လာပြီး၊ “အဖေကြီးရေ -- ညဥ့်အတော်နက်နေပြီးနော်၊ အပြင်သိပ်မထွက်နဲ့၊ ညဥ့်နက်မှာ ဆိုင်ကယ်စီးတာအန္တရာယ်သိပ်များတယ်၊ ရှင့်အတွက်ကျွန်မအအရမ်းစိုးရိမ်တာပဲ” လို့သတိပေးတယ်။ ဒါနဲ့အိုင်အိုဦးဘနီက၊ “အမေကြီးရေ၊ ကိုလွင်စိုးကို နည်းနည်းသွားကူချင်တယ်၊ သိပ်ကြာမှာမဟုတ်ဘူး” အိုင်အိုဦးဘနီဟာ သူ့ဇနီးသည်နဲ့စကားပြောပြီး ဆိုင်ကယ်စီး၍အခင်းဖြစ်ပွါးသည့်နေရာသို့ထွက်လာခဲ့သည်။

အခင်းဖြစ်ပွားတဲ့နေရာရောက်သွားတော့ မိန်းကလေးတစ်ယောက်၊ ကားလေးတစ်စီး၊ ရဲအရာရှိနဲ့အတူသူ့တစ်ပည့်နှစ်ယောက်ကိုတွေ့ရတယ်။ မိန်းကလေးဟာ စိတ်ပူပင်လှုပ်ရှားနေပုံရတယ်။ မိန်းကလေးရဲ့ နာမည်ကခိုင်ဖြူတဲ့။ ခိုင်ဖြူဟာ ပိန်ပိန်ပါးပါးအရပ်သိပ်ပြီးမမြင့်တဲ့ မိန်းကလေးတစ်ယောက်ဖြစ်တယ်။

အိုင်အိုဦးဘနီက ခိုင်ဖြူကို အခင်းဖြစ်ပုံကိုပြန်ပြောပြခိုင်းတယ်။ သူမဟာစိတ်မကောင်းတဲ့ပုံပေါ်နေတယ်။ အဲဒီငွေ ၁၈၀၀၀ ဟာနည်းနည်းနောနောမဟုတ်တဲ့အပြင် သူ့အလုပ်ရှင်ရဲ့အစားအစာရောင်းရငွေတွေဖြစ်နေတယ်။

သူဟာဖြစ်ပျက်ခဲ့တဲ့ပုံကိုအသံကတုန်ကယင်နဲ့စပြောတယ်။ "ဟုတ်တယ်ဖိုး ဖိုး--လမ်းတစ်ဖက်ခြမ်းမှာရှိတဲ့ မျက်နှာချင်းဆိုင်အိမ်ကိုတွေ့လား။ သူတို့ တွေမွေးနေ့ပါတီကျင်းပဖို့ ကျွန်မဆိုင်က အစားအစာကိုမှာလို့လာပို့ပေး တာ။ အဲဒီအိမ်မှာအစားအစာသွားပို့ပြီးဆိုင်ကို ငွေပြန်လာပို့ဖို့ကျွန်မကား ပေါ်တစ်ယောက်ထဲပြန်တက်လာတယ်။ အဲဒီအချိန်မှာ ယောကျ်ားကြီးတစ် ယောက်ကားဘေးနား မှာပေါ်လာပြီးကျွန်မရဲ့ကားမှန်ကို "ဒေါက်-ဒေါက်" ခေါက်တယ်။ ကျွန်မသတိမထားမိဘူး။ ကျွန်မအထင်ကအဲဒီအိမ်ကလူတစ် ယောက်ယောက်ပဲဖြစ်မှာပေါ့၊ ဒါမှမဟုတ် ကျွန်မအိမ်ထဲမှာတစ်ခုခုမေ့ကျန် ခဲ့လို့ သူလာခေါ်တာပဲလို့ထင်တာ၊ အဲဒါကြောင့်သူ့ကိုကျွန်မကားမှန်ဖွင့် ပေးတယ်။ တစ်ပြိုင်နက်အဲဒီယောကျ်ားကကျွန်မကို သေနတ်နဲ့ချိန်ပြီးကျွန် မဆီမှာရှိတဲ့ပိုက်ဆံကို အကုန်လုံးတောင်းတယ်။ ကျွန်မတကယ်စိတ်မ ကောင်းဘူး။ "

ပါတီကျင်းပနေတဲ့အိမ်ကြီးဆီကို အိုင်အိုဦးဘနီလှမ်းကြည့်တော့ ခြံတစ်ခြံလုံး မီးထိန်ထိန်လင်းနေပြီး တီးလုံးသံများကိုလည်းကြားနေရဆဲပင်။ သူဟာအ ခင်းဖြစ်ပွါးတဲ့ပတ်ဝန်းကျင်အခြေအနေကို ဝေ့ဝဲကြည့်လိုက်ချိန်မှာ ကားလေး နောက်တစ်စီးထပ်ရောက်လာပြီး အဲဒီမိန်းမလေးရဲ့ကားနောက်မှာ လာရပ် တယ်။ ကားထဲက အရပ်မြင့်မြင့်၊ ထောင်ထောင်မောင်းမောင်းနဲ့ခန့်ခန့် ညား ညားအမျိုးသားတစ်ယောက်ကားပေါ်ကဆင်းလာပြီး အိုင်အိုဦးဘနီလူစု တို့ရပ်နေတဲ့နေရာဆီကိုပြေးလာတယ်။ လူစုထဲရောက်လာတော့၊ "ကျွန် တော့်နာမည်ကရော့ဂ်နီပါ၊ ခိုင်ဖြူရဲ့ရည်းစားပါ။ အခင်းဖြစ်ပြီးတဲ့နောက် သူ ကျွန်တော်ကိုဖုန်းလှမ်းခေါ်လို့သူ့ဆီကိုလိုက်လာတာ။" အိုင်အိုဦးဘနီသူ့ကို လှမ်းနှုတ်ဆက်လိုက်တယ်။ ဒီအမျိုးသားဟာ ဦးဘနီရဲ့အရပ်လောက်ရှိပြီး

ထောင်ထောင်မောင်းမောင်းနဲ့ ခန့်ခန့်ညားညားပဲ။ အိုင်အိုဦးဘနီအားနှုတ်ဆက်ပြီးနောက် သူခိုင်ဖြူဆီသွားပြီး နှစ်သိမ့်စကားပြောနေတယ်။ အိုင်အိုဦးဘနီဟာထိုအမျိုးသားကိုကြည့်ရင်း၊ "အင်း––ဒီကောင်လေးဟာ ရိုကျိုးတဲ့သူတစ်ယောက်ဖြစ်တယ်၊" လို့သူ့စိတ်ထဲထင်မိတယ်။


အိုင်အိုဦးဘနီက ခိုင်ဖြူရဲ့ကားလေးကိုကြည့်ပြီး "ကားလေးကလှလိုက်တာ–ကားအထဲကိုနည်းနည်းကြည့်ချင်တယ်။" ဒါနဲ့ဦးဘနီဟာ ကားမောင်းသမားတဲ့နေရာမှာဝင်ထိုင်လိုက်တယ်။ အပြင်က လူတွေလှမ်းကြည့်ရင်တော့ သူဟာကားမောင်းတဲ့ထိုင်ခုံအောက်မှာ တစ်ခုခုကိုရှာနေတာပဲမြင်ရမယ်။ တစ်အောင့်ကြာအကြာမှာ အိုင်အိုဦးဘနီသည် ကားလေးပေါ်တက်ထိုင်ပြီး သူ့လက်နှစ်ဖက်ကို ကားစတီရီယာရင်ပေါ်မှာတင်ပြီး ကားမောင်းတဲ့ပုံစံလုပ်ကြည့်တယ်။ ပြီးတော့ သူကားပေါ်မှဆင်းကာ ကားမှန်တံခါးပိတ်ပြီး ရဲအရာရှိကိုလွင်စိုးအား "ကိုလွင်စိုးရေ–ခင်ဗျားသူငယ်ချင်းကိုသတင်းဆိုးပေးရမှာစိတ်မကောင်းစရာကြီးပဲ။ ပိုက်ဆံလုသွားတဲ့ဓါးပြဟာသူ့သမီးကိုယ်တိုင်ဖြစ်နေပြီး သူ့ကိုကူညီတဲ့သူကတော့ သူ့ရည်းစားဂျော်နီပဲ။ ခင်ဗျားမယုံရင်ခိုင်ဖြူနဲ့ဂျော်နီတို့အိတ်ကိုရှာကြည့်၊ သက်သေပစ္စည်းတွေတွေ့ရလိမ့်မယ်။"

ဦးဘနီစကားကြောင့် ရဲအရာရှိလွင်စိုးအံ့သြပြီးမင်သေသေနေတယ်။ ခိုင်ဖြူကိုဓါးပြမတိုက်တဲ့အပြင်ခိုင်ဖြူကိုယ်တိုင်ဓါးပြဖြစ်နေပြီးသူ့ရည်းစားကသူ့ကိုကူညီကြောင်း အိုင်အိုဦးဘနီဘယ်လိုလုပ်သိသလဲ။


တစ်ဖက်ပါစာမျက်
နှာတွင်အဖြေရှာ
ကြည့်နိုင်ပါသည်။


အဖြေ ။

# မစ္စဂျန်းခင်သေဆုံးမှု



တစ်ညနေ၊အိုင်အိုဦးဘနီဟာရဲအရာရှိကိုလွင်စိုးထံအလည်ရောက်ခဲ့တယ်။ မနက် ၉း၁၇ မိနစ်တိတိ မှာရဲစခန်းတယ်လီဖုန်းနံပါတ် ၉၁၁ အသံမြည်လာတယ်။ ရဲသားတစ်ယောက်တယ်လီဖုန်းကောက်ကိုင်လိုက်တော့ မစ္စတာဂျန်းခင်ရဲ့အသံကိုကြားလိုက်ရတယ်။ မစ္စတာဂျန်းခင်အကူအညီတောင်းထားလို့ရဲစခန်းကဆေးရုံအရေးပေါ်လူနာတင်ကားနဲ့စစ်ဆေးရေးရဲအရာရှိများကို အခင်းဖြစ်ပွါးတဲ့မစ်စတာဂျန်းခင် နေအိမ်ကိုလွှတ်လိုက်တယ်။

မစ္စတာဂျန်းခင်အိမ်ရောက်သွားတဲ့အခါ မစ္စတာဂျန်းခင်ကပျာကယာတံခါး လာဖွင့်ပေးပြီး ပျာယာခတ်စွာနဲ့တာဝန်ရှိသူများကို အိမ်ထဲခေါ်ဝင်သွား တယ်။ သူနာပြုတွေက အိမ်အပေါ်ထပ်တက်သွားတဲ့လှေခါးမြင့်မြင့်ကြီးပေါ် အပြေးအလွှားတက်သွားပြီး မစ္စတာဂျန်းခင်ရဲ့အိပ်ရာခန်းထဲကိုဝင်သွား တယ်။ သူတို့မြင်ရတဲ့မြင်ကွင်းကမစ္စဂျန်းခင်ဟာကိုယ်တုံးလုံးကားယားကြီး နဲ့ကြမ်းပြင်ပေါ်မှာ လဲကျနေတာကိုတွေ့ရတယ်၊ သူမအသက်မရှိတော့ဘူး။ အရေးပေါ်လူနာတင်ကားနဲ့လာတဲ့သူနာပြုနှစ်ယောက် အိမ်အောက်ထပ် ဆီဖြည်းညှင်းစွာပြန်ဆင်းလာပြီးအိုင်အိုဦးဘနီနဲ့ရဲအရာရှိလွှင်စိုးကို မစ္စဂျန်း ခင်သေဆုံးသွားတဲ့အတွက် သူတို့ဘာမှမလုပ်နိုင်တော့ကြောင်းအကြောင်း ကြားတယ်။ အိုင်အိုဦးဘနီနဲ့ရဲအရာရှိလွှင်စိုးဟာ အခင်းဖြစ်ပွားတဲ့အိမ်အ ပေါ်ထပ်ကိုကြည့်ရှုစစ်ဆေးဖို့ တက်သွားကြတယ်။ မစ္စဂျန်းခင်ရဲ့အလောင်း ဟာအခန်းထောင့်တစ်နေမှာလဲလျောင်းနေပြီး အဲဒီနေရာမှာ ရေနည်းနည်း အိုင်နေတာကိုတွေ့ရတယ်။ ရေချိုးဇလုံရဲ့အခြားတစ်ဖက်မှာ ကုန်နေတဲ့စ ပျစ်ဝိုင်အလွတ်တစ်ပုလင်းနဲ့မီးထွန်းထားတဲ့ဖယောင်းတိုင်ကိုတွေ့ရတယ်။ ဒါပေမယ့်ဖယောင်းတိုင်အရည်ပျော်သွားပြီး ဖယောင်းချေးပဲကျန်နေတာကို တွေ့ရတယ်။

အိုင်အိုဦးဘနီနဲ့ရဲအရာရှိလွှင်စိုးက မစ္စတာဂျန်းခင်ကို အခင်းဖြစ်ပွါးတဲ့အ ကြောင်းအရာများစစ်ဆေးဖို့ အောက်ထပ်ကိုဆင်းလာတယ်။ မစ္စတာဂျန်း ခင်တို့လင်မယားဟာနိုင်ငံခြားသားတွေဖြစ်ကြပြီးသူတို့ဒီမြို့မှာလာရောက် နေထိုင်တာ သုံးလေးနှစ်ရှိပြီးဖြစ်တယ်။ မစ္စတာဂျန်းခင်ဟာ ထောင်မောင်းတဲ့ သူတစ်ယောက်မဟုတ်ဘူး။ သူရဲ့အရပ်အမြင့်ဟာ ၅ ပေ ၆ လက်မသာရှိပြီး ကိုယ်အလေးချိန်က ၁၇၀ ပေါင်လောက်ပဲရှိတယ်။ သူဟာမီးပူနဲ့သေသေ

သပ်သပ်တိုက်ထားတဲ့ ရှပ်အင်္ကျီနဲ့ဘောင်းဘီကိုဝတ်ဆင်ထားပြီးတစ်ကိုယ်လုံးသန့်ရှင်းသန့်ပြတ်နေတယ်။ သူဟာ ဆိုဖာပျော့အိအိပေါ်မှာငြိမ်သက်စွာထိုင်နေပြီး ရဲသားတွေမေးတဲ့မေးခွန်းတို့ကိုဖြေပေးနေရှာတယ်။ သူ့ထွက်ဆိုချက်ကို အိုင်အိုဦးဘနီက သွားနားထောင်ဖို့ဆုံးဖြတ်လိုက်တယ်။

"ထုံးစံအတိုင်းဒီညကျွန်တော်အလုပ်ပြန်လာတာနောက်ကျတယ်။ ခါတိုင်းလိုပဲကျွန်တော်အလုပ်ကို စိတ်ဝင်စားရင်အိမ်ပြန်ဖို့အချိန်ကြည့်ဖို့တောင်သတိမရဘူး။ ဒါ့ကြောင့် အလုပ်ကအပြန်မှာ ကျွန်တော်အိမ်ပြန်နောက်ကျမယ်ဆိုတဲ့အကြောင်းကို တယ်လီဖုန်းမဆက်ခဲ့မိလို့ ကျွန်တော့်မိန်းမကျွန်တော့်ကို သေချာပေါက်စိတ်ဆိုးမှာပဲလို့ စဉ်းစားမိတယ်။ အဲဒါကြောင့်ကျွန်တော်ကားကိုကားဂိုဒေါင်ထဲသွင်းပြီး တော့အိမ်ထဲဝင်ပြီး သူ့ကိုလှမ်းခေါ်တယ်။ သူကျွန်တော့်ကိုပြန်မထူးလို့ အိမ်အပေါ်ထပ်မှာသူရုပ်ရှင်ကြည့်နေလား ဒါမှမဟုတ်ရင် အိပ်ပျော်သွားပြီလားအထင်နဲ့အိမ်အပေါ်ထပ်ကိုကျွန်တော်သွားတက်ကြည့်တယ်။ အိပ်ခန်းထဲမှာမီးလင်းနေလို့ ကျွန်တော်တံခါးခေါက်ကြည့်တယ်။ သူပြန်ထူးသံမကြားလို့ ကျွန်တော်အခန်းထဲဝင်သွားတယ်။ မထင်မှတ်ပဲ သူ့ကိုရေချိုးကန်ထဲမှာတွေ့ရတယ်၊ (မစ္စတာဂျန်းခင်ရှိုက်ကြီးတငင်ငိုရင်းစကားပြောနေတယ်) သူ့ရဲ့ခေါင်းဟာ ရေအောက်မှာမြုပ်နေပြီး၊ အဲဒါနဲ့သူ့ကို ကျွန်တော်ရေချိုးကန်ထဲထုတ်ပြီးတော့ (ပုခုံးလှုပ်နေအောင်ငိုရှိုက်ရင်း) အိပ်ခန်းထဲပြန်လာပြီး ခင်ဗျားတို့ကိုဖုန်းဆက်ခေါ်လိုက်တာ။ အရေးပေါ်လူနာတင်ကားရဲ့အသံကိုကြားတော့ ကျွန်တော်ဝမ်းသာအားရနဲ့ အိမ်အောက်ကိုပြေးဆင်းသွား-----အို---ကျွန်တော်မယုံချင်ဘူး၊ ဟယ်လင်ကျွန်တော့်ကိုပစ်ထားခဲ့ပြီ။ ဟူးဟူး--ချစ်ဇနီးဟယ်လင်ရေ၊ မင်းငါ့ကိုတစ်ယောက်တည်းပစ်ထားရက်တယ်နော်။"

အိုင်အိုဦးဘနီဟာ မစ္စတာဂျန်းခင်ပြောခဲ့တဲ့စကားတွေကို သေသေချာချာ နားထောင်နေတယ်။ မစ္စတာဂျန်းခင်စကားပြောနေတဲ့အချိန်မှာ အိုင်အိုဦး ဘနီကညှော့ခန်းကိုလိုက်ကြည့်တယ်။ ညှော့ခန်းဟာ သပ်ရပ်ရှင်းလင်းနေတာ ကိုတွေ့ရတယ်။ နောက်ပြီးသူလှေခါးပေါ်တက်သွားပြီးလှေကားကိုလဲကြည့် တယ်။ အားလုံးဟာ ကနဦးအတိုင်းရှိနေပြီး ဘာတစ်ခုမှထူးခြားမှုမရှိတာ ကိုတွေ့ရတယ်။ အဲဒါကြောင့်ညှော့ခန်းထဲပြန်ဝင်လာခဲ့ပြီးမစ္စဂျန်းခင်ကိုသတ် တဲ့မစ္စတာဂျန်းခင်ကို ဖမ်းချုပ်ထားဖို့ ရဲအရာရှိကိုလွှင်စိုးကိုတီးတိုးပြောပြ လိုက်တယ်။ အိုင်အိုဦးဘနီဟာ ဘာကြောင့်မစ္စတာဂျန်းခင်ဖြစ်ရပ်မှန်အ လုံးစုံမပြောတာကိုသိသလဲ။




တစ်ဖက်ပါစာမျက်
နှာတွင်အဖြေရှာ
ကြည့်နိုင်ပါသည်။


အဖြေ ။

# ပါမောက္ခအိမ်ဂေဟာ ကြီးသူခိုးဝင်ခိုးမှု



အိုင်အိုဦးဘနီရဲ့အိမ် မလှမ်းမကမ်းမှာ ခြံဝင်းကျယ်ကြီးတစ်ခြံရှိပြီး အဲဒီခြံဝင်းကြီးထဲမှာ အိမ်ကြီးကြီးတစ်လုံးရှိတယ်။ အဲဒီအိမ်ကြီးဟာ တက္ကသိုလ်ပါမောက္ခကြီးရဲ့အိမ်ဖြစ်တယ်။ ပါမောက္ခကြီးဟာ သိပ္ပံနဲ့ပိုးမွှားအကြောင်းတွေကိုသင်ကြားပို့ချတဲ့သူတစ်ယောက်ဖြစ်တယ်။ တစ်နေ့၊ ပါမောက္ခကြီးအိမ်ကိုစောင့်ပေးတဲ့အစောင့်ကောင်လေးတစ်ယောက် အိုင်အိုဦးဘနီအိမ်သို့အမောတကြီးပြေးလာပြီး အိမ်ရှေ့မှာအော်ခေါ်နေတယ်။ "ဘကြီးဘနီရေ——အဒေါ်ပန်းနုရေ အိမ်မှာရှိကြရဲ့လား။"


အိုင်အိုဦးဘနီက ပျာကယာဖြင့်အိမ်ရှေသို့ပြေးထွက်လာပြီး၊ “ဘာကိစ္စရှိလဲလူလေး” ကောင်လေးဟာဂဏာသိပ်မငြိမ်တဲ့ပုံပေါ်နေပြီး စိတ်လှုပ်ရှားစွာဖြင့်၊ “ဘကြီးရေ−−ကျွန်တော့်ကိုကယ်ပါအုံး။−ကျွန်တော့်ဦးလေးအိမ်ကို သူခိုးတက်လို့တကယ်တန်ဖိုးရှိတဲ့ ပစ္စည်းရတနာတွေထည့်ထားတဲ့သေတ္တာကိုခိုးသွားတယ်။” အိုင်အိုဦးဘနီဟာ စကားတစ်ခွန်းမှမပြောတော့ပဲ အဲဒီကောင်လေးနောက်ကိုပြေးလိုက်သွားတယ်။

အိုင်အိုဦးဘနီဟာ ပါမောက္ခကြီးဒေါက်တာငြိမ်းချမ်းအိမ်ကြီးဆီရောက်သွားတော့ သူအလွန်မှအံ့သြသွားတယ်။ ခြံကြီးထဲမှာကင်းခြေများနဲ့ပုစဉ်းအမျိုးအစားမျိုးစုံကိုတွေ့ရတယ်။ သူအိမ်ထဲကိုဝင်သွားတော့ အိမ်ထဲမှာပင့်ကူအိမ်တွေအများကြီးရှိတယ်။ ပြီးတော့ တောက်တဲ့နဲ့အိမ်မြှောင်တွေရဲ့ “တကျွတ်ကျွတ်” အော်သံတွေကြောင့် သူနားငြီးသွားတာပဲ။ သူဟာအိမ်ပတ်ဝန်းကျင်ကိုလိုက်လေ့လာကြည့်တယ်။ ထူးခြားတာက အိမ်နောက်တံခါးတည့်တည့်ရှိတဲ့နေရာမှာ ပင့်ကူကြီးတစ်ကောင်က လှလှပပပင့်ကူအိမ်တစ်ခုယက်လုပ်ထားတာကိုတွေ့ရတယ်။ အော်−ဒီပင့်ကူကအရမ်းကြီးတာပဲနော်လို့စိတ်ထဲမှာတွေးမိနေတယ်။

ထို့နောက်ကောင်လေးအား၊ “ငါ့တူ−ဒီပင့်ကူဟာဘာပင့်ကူမျိုးလဲ။ ” “ကျွန်တော်မသိဘူးဦးလေး၊ ဒါပေမယ့် ဆရာကြီးကပင့်ကူတွေအကြောင်းကောင်းကောင်းသိတယ်။ သူကဒီပိုးမွှားတွေကို စုဆောင်းပြီး မွေးမြူထားတာ−ဆရာကြီးရဲ့ရုပ်တောင်ပိုးမွှားတွေနဲ့တူနေပြီ။ ဘကြီးရေ−−ကျွန်တော် သူ့အိမ်ကိုသန့်ရှင်းရေးလုပ်ပေးမှာကိုတောင် သူမကြိုက်ဘူး−−ကြွက်တစ်ကောင်သတ်ပစ်မှာတောင်သူမလိုဘူး။”


အိုင်အိုဦးဘနီက၊ “မင်းပြောတာမှန်တယ်။ ဒီအိမ်ကြီးနဲ့သူ့ရဲကားရိုက်ရင် အရမ်းပီပြင်မှာ” လို့အစောင့်ကောင်လေးရဲ့စကားကို ထောက်ခံလိုက်တယ်။ ဆက်ပြီးကောင်လေးက၊ “ဆရာကြီးကကျွန်တော့်ကိုသူ့အိမ်ရှေ့တံခါးသော့ပေးခဲ့တယ်။ ဒီနေ့ကျွန်တော်ခြံတံခါးမကြီးလာဖွင့်တဲ့အချိန် အိမ်ထဲမှာအမျိုးသားကြီးတစ်ယောက်ကိုတွေ့ရတယ်။ ကျွန်တော်ဝင်လာ တာကိုသူတွေ့လို့တန်ဖိုးရှိတဲ့ပစ္စည်းတွေထည့်ထားတဲ့သေတ္တာကိုမပြီး အိမ်နောက်တံခါးကနေထွက်ပြေးသွားတယ်။ ကျွန်တော်သူ့ကိုဖမ်းမိခါနီးပဲ၊ ဒါပေမယ့် လှေကားထစ်မှာတင်ထားတဲ့ငှက်စာအိတ်ကြီးကို ကျွန်တော့်ခြေထောက်နဲ့ သွားချိတ်မိလို့ ကျွန်တော်လဲကျသွားတော့ အဲဒီလူရဲ့အစအနပျောက်သွားတယ်။ ”

ကောင်လေးပြောပြတဲ့အဖြစ်အပျက်ကို အိုင်အိုဦးဘနီနားထောင်ရင်း၊ “အဲဒီသေတ္တာထဲမှာ–ဘာအဖိုးတန်ပစ္စည်းတွေရှိလဲ။”
ကောင်လေးက၊ “မသိဘူးဦး––ပါမောက္ခကြီးကို စာနဲ့မေးရေးလို့ရတယ်။”
ကောင်လေးကပြောပြီးတော့ နေရပ်လိပ်စာတစ်ခုကိုယူလာပြတယ်။ ပြီးတော့သူက၊ “ဦးလေးအခုကျွန်တော်တို့ရဲခေါ်ရမလား” လို့မေးတယ်။ အိုင်အိုဦးဘနီက“ မင်းကိုပုလိပ်မခေါ်ပေးခင်မှာ–သူတို့မင်းကိုယုံအောင်မင်းပြောပြတဲ့အကြောင်းတွေ ဒီ့ထက်ပိုပြီးယုတ္တိရှိအောင်ပြောပါ။ ” လုပ်ပြန်ပြီ။ ဘာဖြစ်လို့ အိုင်အိုဦးဘနီဟာ ခြံစောင့်ကောင်လေးပြောတာကို သိပ်မယုံတာလဲ။




အဖြေ ။

# မုန့်ဆိုင်ခါးပြတိုက်မှု



ဒီမနက်မှာ မိုးတစ်မနက်လုံးရွာလို့ လမ်းပေါ်မှာ ရွှံ့ဗွက်တွေထနေတယ်။ လမ်းမကြီးထဲမှာလဲ လူသွားလူလာနည်းတယ်။ မုန့်ဆိုင်တွေလဲစဖွင့်ခါစပဲရှိသေးတယ်။ ဒါကြောင့် အိုင်အိုဦးဘနီဟာဈေးထဲ လက်ဖက်ရည်သွားမဝယ်သောက်တော့ဘူး။ မုန့်ပဲသွားဝယ်စားတော့မယ်လို့တွေးပြီး ရပ်ကွက်ထဲကရှိတဲ့မုန့်ဆိုင် တစ်ဆိုင်ဆီလမ်းလျှောက်ထွက်သွားတယ်။ မုန့်ဆိုင်ထဲဝင်ဝင်ချင်းမှာပဲအသက် ၁၇ နှစ်အရွယ်သာရှိသေးတဲ့ မောင်အောင်နိုင်ဟာသူ့ကိုတွေ့တွေ့ချင်း"ဦးလေးရေ--ဦးလေးကိုတွေ့ရတာကျွန်တော် ဝမ်းသာလိုက်တာ၊ ဦးလေးရောက်လာတာအတော်ပဲ၊ ခုနလေးတင်ကပဲ ကျွန်တော့်ကိုခါးပြလာတိုက်သွားတယ်။"

ဦးဘနီဟာ ဆိုင်ထဲဝင်သွားပြီး မောင်အောင်နိုင်ကို စိတ်ထဲမှာချီးကျူးနေမိတယ်။ မိုးရာသီမှာမုန့်ဆိုင်လေးကို သန့်ရှင်းသပ်ရပ်စွာထားတဲ့အတွက်ဖြစ်တယ်။ သူမုန့်ဆိုင်ထဲက ခုံတစ်လုံးကိုဆွဲပြီး စားပွဲတစ်လုံးမှာ ဝင်ထိုင်လိုက်ပြီး ကိတ်မုန့်မှာလိုက်တယ်။ မောင်အောင်နိုင်ကစပြီး၊ "ခုနကအမျိုးသားနှစ်ယောက်ဝင်လာပြီးကျွန်တော့်ကို သေနတ်နဲ့ချိန်ပြီး ဆိုင်ထဲကရှိတဲ့ပိုက်ဆံကိုဓါးပြတိုက်လုယူသွားတယ်။ ဆိုင်ပိုင်ရှင်ဦးလေးမောင်လှကကျွန်တော့်ကိုမှာခဲ့တယ်။ ကျွန်တော့်ကို သေနတ်နဲ့ချိန်ပြီး ပိုက်ဆံတောင်းရင်ပိုက်ဆံပေးလိုက်တာအကောင်းဆုံးပဲပြောလို့ သူတို့ကိုပိုက်ဆံအကုန်လုံးပေးလိုက်တယ်။ သူတို့ထွက်သွားပြီး တစ်အောင့်ကြာတော့ ကျွန်တော်မုန့်ဆိုင်ရှေ့ပြေးထွက်လာပြီး သူတို့ရဲ့ကားနံပါတ်ကိုမှတ်ယူဖို့ မိုးရွာထဲထွက်ပြီး ပြေးလိုက်ကြည့်တယ်။ ကျွန်တော်ပြောရင် ဦးလေးယုံမှာမဟုတ်ဘူး။ သူတို့ကားနီနီလေးတစ်စီးကိုစီးသွားတယ်။ တကယ့်သူဌေးတွေစီးတဲ့ကားပဲ။ ဘာဖြစ်လို့ဒီလိုလုပ်တယ်ဆိုတာ ကျွန်တော်စဉ်းစားလို့လုံးဝမပေါက်ဘူး။ သူဌေးကားကိုစီးပြီးဓါးပြတိုက်စားကြတယ်။ မိုးရွာထဲမှာ ကျွန်တော်ကားနံပါတ်ကိုကောင်းကောင်းမတွေ့လိုက်မိဘူး၊ ကျွန်တော်ဆိုင်ထဲပြန်ရောက်ရောက်ချင်းပဲဦးရောက်လာတာ။" ဦးဘနီဟာ မောင်အောင်နိုင်ရဲ့စကားကိုနားထောင်ပြီး၊ "အင်း၊ မင်းပြောသလိုပဲ–ဒီအဖြစ်ကိုငါတစ်ကယ်မယုံဘူးမောင်အောင်နိုင်ရေ။ ပိုက်ဆံထားတဲ့နေရာမှာပိုက်ဆံပြန်ထားလိုက်–––ရဲကိုတိုင်ရင်မင်းအဖမ်းခံရမှာသေချာတယ်။" အိုင်အိုဦးဘနီဟာ မောင်အောင်နိုင်ကိုပြောပြီးနောက်ကျသင့်တဲ့မုန့်ဖိုးပေးလိုက်ပြီး အိမ်ကိုပြန်လှည့်လာခဲ့တော့တယ်။ ဘာဖြစ်လို့ မောင်အောင်နိုင်ကို အိုင်အိုဘနီအယုံအကြည်မရှိတာလဲ။




အဖြေ ။



မကြာခင်မိုးပွင့်ဖြူလေးရဲ့မွေးနေ့ရောက်လာတော့မယ်။ ဦးဘနီဟာ သူကိုင်တွယ်လာခဲ့ရတဲ့မှုခင်းတွေကို တစ်ခုပြီးတစ်ခုပြန်တွေးရင်း သူဖြတ်သန်းခဲ့ရသောအတွေ့အကြုံများကိုစုဆောင်းပြီး သူ့မြေးမလေးအား မွေးနေ့လက်ဆောင်ပေးဖို့အတွက် စာအုပ်လေးတစ်အုပ်ထုတ်ပေးမယ်လို့ စိတ်ကူးတယ်။ မိုးပွင့်ဖြူလေးဟာ အမြဲတမ်းဒီမှုခင်းအကြောင်းအရာတွေပြောပြဖို့ သူ့အဖိုးကိုအမြဲတမ်းနားပူနာဆာလုပ်တယ်။ အဲဒါကြောင့် အိုင်အိုဦးဘနီဟာ ဘောလ်ပင်နဲ့စာရွက်ကိုင်ပြီး စာရေးဖို့မျက်မှန်တပ်လိုက်တယ်။ အဲဒီအချိန်မှာ မိုးကြီးကသဲကြီးမဲကြီးရွာချလာပြီး မိုးချိန်းသံတစ်ချက်ကြားလိုက်ရပြီးတဲ့နောက်မှာ မီးအကုန်လုံးပြတ်သွားတဲ့အတွက် အိုင်အိုဦးဘနီခမျာဘာမှအလုပ်မဖြစ်တော့ပဲ အိပ်ရာဝင်သွားပြီး တစ်ခေါခေါနဲ့အိပ်မောကျသွားတော့တယ်။

◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇◇